ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ (27-4-2007) (၅၃၀၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဧပြီ   ၂၇

၂၀၀၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ သာဘို အမ် အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မည်ဆိုလျှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပြည်သူလူထုအတွက် စားဝတ်နေမှုဖူလုံရေးနှင့် ပညာတတ်နိုင်ငံတော်ဖြစ်ရေးတို့မှာ မရှိမဖြစ် လိုအပ်ချက်များဖြစ်

တပ်မတော်က ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် အခြေခံကောင်းတွေ တည်ဆောက်ပေးနေ ပါတီစုံဒီမိုကရေစီစနစ်အတွက် နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ မြန်မြန်ဆန်ဆန်ပြီးမြောက်အောင် ဆောင်ရွက်

နေပြည်တော်   ဧပြီ   ၂၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၀) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ရဲဘော်တို့—

ယနေ့ဟာ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀)ရဲ့ သင်တန်းဆင်းပွဲ အခမ်းအနားဖြစ်တယ်။

ဒီသင်တန်းမှာ စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့နဲ့ စိုက်ပျိုးရေးဘွဲ့ စသည်ဖြင့် ဘွဲ့အသီးသီးရတဲ့ တိုက်ရိုက်ဗိုလ်လောင်းများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နဲ့ အင်ဂျင်နီယာဒီပလိုမာရတဲ့ စစ်မှုထမ်းဗိုလ်လောင်းများနဲ့ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီလို့ ချီးမြှင့်ခြင်းခံရတဲ့ စစ်မှုထမ်းဗိုလ်လောင်းအချို့ ပါဝင်တက်ရောက်ခဲ့ကြတာဖြစ်တယ်။

ဗိုလ်လောင်းသင်တန်းကို တက်ရောက်ခွင့်ရဖို့အတွက် ရဲဘော်တို့ဟာ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ စိတ်ဓာတ်၊ ဉာဏ်ပညာ၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှု၊ ခေါင်းဆောင်နိုင်မှု အလားအလာစသည်ဖြင့် ဘက်ပေါင်းစုံက အစစ်ဆေးခံပြီးမှ ဆန်ခါတင်ရွေးချယ်ခြင်းကို တစ်ပြေးညီခံခဲ့ကြရတာ ဖြစ်တယ်။ သင်တန်းကျောင်းကို ရောက်ရှိလာကြတဲ့အခါ **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်** ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်နဲ့အညီ အပြည့်အဝ လေ့ကျင့်ပေးခြင်းကို အောင်မြင်စွာ ခံယူခဲ့ကြရပြီးဖြစ်တယ်။ ယနေ့ဆိုရင် တပ်မတော်မှာ ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ခြင်းကို ခံကြရတော့မှာဖြစ်တာကြောင့် ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့—

နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် သစ္စာပြုထားကြတဲ့ တပ်မတော်သားတွေမှာ မျိုးချစ်စိတ်ဓာတ်ခိုင်မာခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်းနဲ့ စွန့်လွှတ်စွန့်စားရဲခြင်းဆိုတဲ့ အင်္ဂါရပ်တွေနဲ့ အထူးပြည့်စုံနေဖို့ လိုအပ်တယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၄-၂၀၀၇
(သောကြာနေ့)

ကုန်သွယ်ရေကြောင်း ပညာရှင်များ ဆက်လက်မွေးထုတ်

နိုင်ငံတကာစီးပွားရေး တိုးတက်ဖြစ်ထွန်းမှုများကို လေ့လာကြည့်လျှင် ယင်းနိုင်ငံအသီးသီး၏ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်မှုအပေါ်တွင် များစွာတည်မှီလျက်ရှိကြောင်း တွေ့ရသည်။ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းစသည့် ပို့ဆောင်ရေး လမ်းကြောင်းများရှိသည့်အနက် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍသည် ပြည်တွင်း၊ ပြည်ပ၌ ပိုမိုအရေးပါနေဆဲဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ကုန်သွယ်ရေကြောင်း ပညာရပ်ဆိုင်ရာ တိုးတက်မှု အခြေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း ကုန်သွယ်ရေကြောင်းပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ၏ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းအမှတ်စဉ် စီဒီ (၃၄)နှင့် စီအီး(၃၂) သင်တန်းဆင်းပွဲ၊ အရာရှိလောင်းဘွဲ့ကြို (၂)နှစ် ဒီပလိုမာ အမှတ်စဉ်(၁) စီဒီ(၃၅)နှင့် စီအီး(၃၃) သင်တန်းဖွင့်ပွဲ အခမ်းအနားတို့ကို ဧပြီလ ၂ ရက်နေ့က ရန်ကုန်မြို့ရှိ ရေကြောင်းပညာသိပ္ပံစစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ကုန်သွယ်ရေကြောင်းသင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားတွင် ကုန်သွယ်ရေကြောင်း အရာရှိလောင်းနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၂၈၇ ဦးတို့ သင်တန်းဆင်းကြပြီး ၂၀၀၇ ခုနှစ် ပညာသင်နှစ်အတွက် ကုန်သွယ်ရေကြောင်းနှင့် အင်ဂျင်နီယာ အရာရှိလောင်း ၂၉၈ ဦးတို့ သင်တန်းဆက်လက်တက်ရောက်ကြမည် ဖြစ်သည်။

ရေကြောင်းပညာသိပ္ပံအနေဖြင့် နိုင်ငံတကာရေကြောင်းတက္ကသိုလ်၊ ကောလိပ်များနည်းတူ ပညာရေးနှင့် လေ့ကျင့်ရေး စံချိန်စံနှုန်းများနှင့်အညီ ရေကြောင်းနှင့်အင်ဂျင်နီယာအရာရှိ ၃၂၅၅ ဦးကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ ကုန်သွယ်ရေကြောင်းဆိုင်ရာ အရာရှိနှင့် အင်ဂျင်နီယာများကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြား မွေးထုတ် ပေးနေခြင်းသည် ပြည်တွင်းရေယာဉ်များ၏ ရေကြောင်း ပညာရှင်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံမျှမက ပြည်ပ သင်္ဘောကုမ္ပဏီများအတွက် သင်္ဘောဝန်ထမ်းလိုအပ်ချက်ကိုလည်း အထောက်အကူပြုသွားနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် အစ်ကိုကြီး ဦးသာယာ၊ အစ်မကြီး ဒေါ်သန်း-ခင်ပွန်း-ဦးရွှေထီးတို့အား ရည်စူး၍ ဒေါ်ညွန့်ကြည်နှင့် သမီး မဌေးဌေးဦး၊ မမာလာသိန်း၊ သား ကိုလှမြင့်-မအေးအေးမြိုင်၊ ကိုလှတင်-မကြိုင်ကြိုင်၊ မောင်သန့်ဇင်၊ မောင်သိန်းဝင်း-မအေးသူဇာသဲ၊ မြေး မောင်မင်းကောင်းထက်၊ မောင်ညီမင်းခန့် မိသားစုက မြေကွက်အတွက် ငွေကျပ် ၁၀၀၀၀၀၊ ကျောင်းအဆောက်အအုံအတွက် ငွေကျပ် ၁၀၀၀၀၀ နှင့် ဆင်းတုတော်အတွက် ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E . Mr. Tran Trong Khanh ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh နှင့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh နှင့်အဖွဲ့အား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အသင်းကြီးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထားကြောင်း၊ အသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ရှေ့လုပ်ငန်းစဉ်များအတိုင်း ပါဝင်ဆောင်ရွက်မှု အခြေအနေများနှင့် ရရှိထားသော နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး အတွက်လည်း ထည့်သွင်းဆွေးနွေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ပေးအပ်

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ညပိုင်းတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh နှင့် အဖွဲ့လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက်လှူဒါန်း

ရန်ကုန် ဧပြီ ၂၆

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူရှင်များက လှူဒါန်းလျက်ရှိရာ လှိုင်မြို့နယ် အေးရိပ်မွန်အိမ်ရာမှ ဦးတိုးမောင်(မွေးနေ့ဒါန)၊ ကန်တော်ကလေး၊ ၉၁ လမ်း ဦးသန့်ဇင်-ဒေါ်နီနီအေး မိသားစု၊ စမ်းချောင်း ရှင်စောပုလမ်း ဦးအာဝါး သား၊ သမီး မြေးတစ်စု၊ ဗိုလ်တထောင် (၄၄)လမ်း မိခင် ဒေါ်သန်းသန်းရည်စူး၍ ဦးစိုးမြင့် မိသားစု၊ လှိုင်မြို့နယ် (၉)ရပ်ကွက် ရွှေဝါမြိုင်အိမ်ရာ ဦးကိုကိုကြည်-ဒေါ်မြမြဝင်း မိသားစု၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၂)ရပ်ကွက် ပင်လုံလမ်း ဦးစိန်မြင့်-ဒေါ်မြစိန်မိသားစု၊ မင်္ဂလာတောင်ညွန့် ကျီတော်ရပ် ဦးလှတင်-ဒေါ်နှင်းအေး မိသားစု၊ ဘုရင့်နောင် အောင်ပန်းပွဲရုံ မဝေ-မလွင်မိသားစု၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း ဦးကျင်လှိုင်-ဒေါ်ငွေရီ မိသားစု၊ ဗိုလ်တထောင်မြို့နယ် လမ်း၅၀ ဦးကျော်လင်း-ဒေါ်မအေးမြင့်မိသားစု၊ တာမွေကြီး(ခ)ရပ်ကွက် ၁၆၄လမ်းမှ ဦးဝင်းဇော်-ဒေါ်တင်မလွင်မိသားစု၊ ကျောက်မြောင်း၊ ဣန္ဒာသယလမ်း ဒေါ်အေးမိသားစုနှင့် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်-၁၄၊ ဦးအောင်မျိုးထက်-ဒေါ်သန္တာဦး၊ သမီး ခင်မျိုးထက် မိသားစုတို့က ငွေကျပ် တစ်သိန်းစီ လှူဒါန်းကြသည်။

ဆေးနှင့်အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉၅-၁၀၂၁၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(က-ပ)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ ကလေးယဉ်ကျေးအလိမ္မာတရားပွဲ

ရန်ကုန် ဧပြီ ၂၆

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီ-ပျော်ဘွယ်ပရိယတ္တိ စာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီ ပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာန နာယက ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်လုံးဆိုင်ရာ မေယုဓမ္မာရုံတွင် ကလေးယဉ်ကျေးအလိမ္မာ တရားပွဲကို ၁၃၆၉ ခုနှစ် ကဆုန်လပြည့် (ဧပြီ ၃၀ ရက်) ဆည်းဆာအချိန်၌ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်း ရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာ ဆောက်လုပ်ရေးအတွက် သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ဖြူ မိသားစုက ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ နာယက ဦးအေးကိုနှင့် ဘဏ္ဍာရေးမှူး ဦးမျိုးမြင့်တို့ လက်ခံယူစဉ်။
(ကြေးမုံ)

မှန်မှန်ကန်ကန် တိုင်ကြားပါ

ဦးဟန်ညွန့် (ဥပဒေ)

သန့်ရှင်းသော အစိုးရဖြစ်ရေးအတွက် ဝန်ကြီးဌာနများက ဌာနအလိုက် အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဝန်ထမ်းများ မမှန်မကန်ပြုလုပ်ပါက ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဌာနဆိုင်ရာ အသီးသီးက သတင်းစာများတွင် ထည့်သွင်းဖော်ပြလျက်ရှိသည်။

တရားရုံးချုပ်ဝန်ထမ်းများ

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းရသော တရားရုံးများတွင် အဂတိတရားကင်းရှင်းပြီး တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှုစသည့် လောကပါလတရားများ ဦးထိပ်ထား၍ ပြည်သူများ၏ ယုံကြည်အားကိုးမှု ရရှိစေမည့် ဥပဒေနှင့်အညီ တရားစီရင်သောစနစ် ဖြစ်ထွန်းရေးအတွက် ရည်မှန်းချက်ထား၍ဆောင်ရွက်လျက်ရှိသည်။ ယင်းရည်မှန်းချက် မပျောက်ပျက်စေရန်အတွက် တရားရုံးချုပ်က အစဉ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်း အဆင့်အတန်း အားလုံးအနက် တစ်ဦးဦးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်မှုများကို လုပ်ကိုင်လျှင်သော်လည်းကောင်း ထိခိုက်နစ်နာသူကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့် ဖြစ်စေ သတင်းပေးတိုင်ကြားနိုင်ကြောင်း ကြေညာထားသည်။

ရှေ့နေချုပ်ရုံးဝန်ထမ်းများ

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန်လည်းကောင်း၊ အများပြည်သူတို့၏ယုံကြည်အားကိုးသည့် ဥပဒေရုံးများဖြစ်ပေါ်လာစေရန်လည်းကောင်း၊ အများပြည်သူအတွက် ဥပဒေပါ ဝန်ဆောင်မှုပေးနိုင်ရန်လည်းကောင်း ရှေ့နေချုပ်ရုံးက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းတစ်ဦးဦးအနေဖြင့် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်ခြင်းများကို လုပ်ကိုင်သည့်အတွက် ထိခိုက်နစ်နာသူများသည် ကိုယ်တိုင်စာဖြင့် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ သတင်းပေးတိုင်ကြားနိုင်ကြောင်း ကြေညာထားသည်။

မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများကောင်စီဝန်ထမ်းများ

နိုင်ငံတော်သည် အများပြည်သူ ယုံကြည်အားကိုးသည့် တရားရေးမဏ္ဍိုင်ခိုင်မာစေရေးအတွက် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေများကောင်စီ အနေဖြင့်လည်း ရှေ့နေရှေ့ရပ်များကို အများပြည်သူအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ကြရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တရားရုံးချုပ်ရှေ့နေ တစ်ဦးဦးသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာနှင့်တာဝန်ကို ဖောက်ဖျက်သည့် အပြုအမူ တစ်စုံတစ်ရာ ကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ကြေညာထားသည်။

အထက်ပါအတိုင်း ဝန်ကြီးဌာနအသီးသီးသည် မိမိတို့၏ ဌာနဆိုင်ရာဝန်ထမ်းများအနေနှင့် မမှန်မကန်ဆောင်ရွက်မှုအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိရပါက လိုအပ်သလို အရေးယူသွားမည် ဖြစ်ပါသည်။ ဝန်ထမ်းတိုင်း ထာဝစဉ် ပြုမူစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို အလျဉ်းသင့်၍ ကောက်နုတ်တင်ပြလိုပါသည်။

ကျင့်ဝတ်နှင့်စည်းကမ်းများ

နိုင်ငံတော်တွင် ဝန်ထမ်းတိုင်း ထာဝစဉ်ပြုမူ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်လိုက်နာရမည့် စည်းကမ်းများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိခြင်း၊
(၂) ဥပဒေကို လေးစားလိုက်နာခြင်း၊
(၃) ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားခြင်း၊
(၄) နိုင်ငံတော်၏ဘဏ္ဍာဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(၅) နိုင်ငံတော်၏ လျှို့ဝှက်ချက်၊ အရေးကြီးသည့် လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းတို့ကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(၆) အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းများကို လေးစားလိုက်နာခြင်း၊
(၇) ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊
(၈) တာဝန်နှင့်ဝတ္တရားကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊
(၉) စွမ်းရည်တိုးတက်မြင့်မားလာစေရန် အစဉ်ဆည်းပူးအားထုတ်ခြင်း၊
(၁၀) တံစိုးယူမှု၊ အဂတိလိုက်စားမှု၊ တာဝန်အလျောက် အပ်နှင်းထားသည့် အခွင့်အာဏာကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှုတို့ကို ရှောင်ကြဉ်ခြင်း၊
(၁၁) အကျင့်စာရိတ္တပျက်ပြားမှု၊ သိက္ခာမဲ့စွာ နေထိုင်ပြုမူမှုတို့ကို ရှောင်ကြဉ်ခြင်း၊
(၁၂) ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံခြင်း၊

ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်း

ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကို အထက်အာဏာပိုင်ဖြစ်သူက လက်အောက်အမှုထမ်း၏ အပြုအမူနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းပြုနိုင်ပေသည်။

> **အမှန်တကယ် ပြည်သူ့အကျိုးကို ထမ်းဆောင်ပါလျက် မလိုမုန်းထား၍ ဖြစ်စေ၊ ကိုယ့်ဆန္ဒကိုသာ အဓိကထား၍ ဖြစ်စေ "ဘယ်သူသေသေ၊ ငတေမာပြီးရော" စိတ်ဓာတ်ဖြင့် လုပ်ကြံဖန်တီး၍ တိုင်စာပို့ခြင်းမျိုးကို မည်သူမျှ လက်ခံမည်မဟုတ်ပါ။ ဝန်ထမ်းဘဝ မြတ်မြတ်နိုးနိုး၊ ကြိုးစားထမ်းဆောင်သူတွေအပေါ် မှားယွင်း၊ အထင်လွဲ၍ တိုင်ကြားခြင်းမျိုး မဖြစ်သင့်ပါ။**

ပဏာမမေးမြန်းစုံစမ်းစစ်ဆေးခြင်း

အစိုးရအမှုထမ်းတစ်ဦးအပေါ်၌ အရေးယူရန် လိုအပ်သည်ဟု ယုံကြည် ယူဆသောအခါ သက်သေခံစုဆောင်းရန် ပဏာမစုံစမ်းမေးမြန်းခြင်း ပြုလုပ်ပေသည်။ မည်သည့်စုံစမ်းစစ်ဆေးမှုမဆို နည်းလမ်းတကျ စုံစမ်းစစ်ဆေးပေသည်။

ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များ

ဌာနဆိုင်ရာအရေးယူမှုတွင် ဝန်ထမ်း၏ အပြစ်ကြီးငယ်အလိုက် ထိုက်သင့်ရာ အပြစ်ပေးနိုင်ရန် သတ်မှတ်ထားသည့် ပြစ်ဒဏ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပြစ်တင်ရှုတ်ချခြင်း၊
(၂) နှစ်တိုးလစာ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ရာထူးတိုးမြှင့်ခြင်းကို ဆိုင်းငံ့ထားခြင်း၊
(၃) ရာထူးအဆင့် လျှော့ချခြင်း၊ သို့မဟုတ် လစာနှုန်းအဆင့် လျှော့ချခြင်း၊ သို့မဟုတ် လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊
(၄) (ပေါ့လျော့မှု၊ သို့မဟုတ် စည်းကမ်းဖောက်ဖျက်မှုကြောင့် ဖြစ်ပေါ်ရသော) ငွေကြေးဆုံးရှုံးမှု တစ်ရပ်လုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ဝန်ထမ်း၏လစာမှ ပေးလျော်စေခြင်း၊
(၅) တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်း၊
(၆) (နောင်အခါ ရာထူးပြန်လည်ခန့်ထားရန် အရည်အချင်း မပျက်ယွင်းစေဘဲ) ရာထူးမှ ထုတ်ပယ်ခြင်း၊
(၇) (နောင်အခါ ရာထူးပြန်လည်ခန့်ထားရန် သာမန်အားဖြင့် အရည်အချင်း ပျက်ယွင်းစေသော) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊

ပြစ်ဒဏ်များနှင့်ပတ်သက်၍ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲတွင်လည်း အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) သတိပေးခြင်း၊
(၂) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊
(၃) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(၄) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊
(၅) ရာထူးအဆင့်လျှော့ချခြင်း၊
(၆) လစာမှပေးလျော်စေခြင်း၊
(၇) တာဝန်မှရပ်ဆိုင်းခဲ့သည့်ကာလအတွက် လစာအပြည့် ခံစားခွင့်မပြုခြင်းသို့မဟုတ် ထိုကာလကိုတာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊
(၈) ရာထူးမှရပ်စဲခြင်း၊
(၉) ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း၊

ပြည်သူ့ဝန်ထမ်း၏ဂုဏ်အင်

"**ပြည်သူ့ဝန်ထမ်း**"ဟူသည် "**ပြည်သူတို့၏ ဝန်ကိုထမ်းသူ၊ ပြည်သူ့တာဝန်ကို ကျေပွန်သူ**"ဟူ၍ အဓိပ္ပာယ်ဆောင်ပါသည်။ "**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**"ဆောင်ပုဒ်ဖြင့် ပြည်သူက အားထားရသူများလည်း ဖြစ်ပါသည်။ မြတ်နိုးဖွယ် ပြည်သူ့ဝန်ထမ်းဘဝကို ဝန်ထမ်းတိုင်း အလွယ်တကူ ရခဲ့သည်တော့မဟုတ်ပါ။ အဆင့်ဆင့် ကြိုးစား၊ နှီးကြားကာ တာဝန်ထမ်းခဲ့၍ ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ရခြင်း ဖြစ်ပါသည်။ ယနေ့ တာဝန်ထမ်းဆောင် မနက်ဖြန် အလုပ်ပြုတ်သော ဝန်ထမ်းများ မဖြစ်ကြစေလိုပါ။ ပြည်သူ့ဝန်ထမ်းအဖြစ် ခက်ခက်ခဲခဲ၊ နက်နက်နဲနဲ ကြိုးပမ်းအားထုတ်သူတွေ၊ စိုက်စိုက်မတ်မတ် ကြိုးကုတ်သူတွေ အများကြီးပါ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သည့်အဖြစ်မျိုးရှိနိုင်ပါသည်။ ရှိတော့ရှိသည် ရှားသည်ဟု ဆိုချင်ပါသည်။ ပြည်သူ့ ဝန်ထမ်းများ ရှောင်ရန်၊ ဆောင်ရန်လိုပါမည်။ ပြည်သူ့သစ္စာခံယူရပါမည်။ မိမိအမှားအယွင်းကြောင့် မိမိအရေးယူခံထိုက်ပါသည်။

မှန်မှန်ကန်ကန်တိုင်ကြားပါ

အမှန်တကယ် ပြည်သူ့အကျိုးကို ထမ်းဆောင်ပါလျက် မလိုမုန်းထား၍ဖြစ်စေ၊ ကိုယ့်ဆန္ဒကိုသာ အဓိကထား၍ဖြစ်စေ "**ဘယ်သူသေသေ၊ ငတေမာပြီးရော**"စိတ်ဓာတ်ဖြင့် လုပ်ကြံဖန်တီး၍ တိုင်စာပို့ခြင်းမျိုးကို မည်သူမျှ လက်ခံမည်မဟုတ်ပါ။ ဝန်ထမ်းဘဝ မြတ်မြတ်နိုးနိုး၊ ကြိုးစားထမ်းဆောင်သူတွေအပေါ် မှားယွင်း၊ အထင်လွဲ၍ တိုင်ကြားခြင်းမျိုး မဖြစ်သင့်ပါ။ တရားရုံးအမှုအခင်းတွေမှာ"**ကိုယ်နိုင်ရင် ပြီးရော**" လုပ်ကြံဖန်တီး တိုင်သူတွေ ဒုနှင့်ဒေးရှိနေကြသည် မဟုတ်ပါလား။ ဓာတ်ပေါင်းခန်းမှာ အဖြေပေါ်မည်ဖြစ်သော်လည်း ဓာတ်မပေါင်းခင် တိုင်စာ၊ ပစ်စာကြောင့် ရာထူးချခံရသူဝန်ထမ်းအတွက် ရတက်မအေးစရာပါ။ အဖြစ်မှန်၊ အခြေအနေမှန်ကို မစူးစမ်း၊ မလေ့လာဘဲ "ထစ်ခနဲရှိ တိုင်စာကြည့်" မမှန်မကန် ဝါးလုံးရှည်ဖြင့် သိမ်းကျုံး မတိုင်ကြားသင့်ပါ။ "အမှန်တရား"မပျောက်ကွယ်သင့်ပါ။

သို့ဖြစ်ပါ၍-

(၁) မမှန်မကန်ဆောင်ရွက်လျှင် တိုင်ကြားပါ။
(၂) သို့သော် မှန်မှန်ကန်ကန်တိုင်ကြားပါဟု ရေးသားတင်ပြအပ်ပါသည်။ ။

အမေရိကန်သို့ မူးယစ်ဆေးဝါးမှောင်ခို သယ်ဆောင်လာသည့် ပနားမားကုန်တင်သင်္ဘောအား ကမ်းခြေစောင့်သင်္ဘောက ဖမ်းဆီးခေါ်ဆောင်လာသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်း ပြဿနာဖြေရှင်းရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရန် ပါကစ္စတန်လိုလား

အစ္စလမ္မာဘတ် မေ ၂၅

အရှေ့အလယ်ပိုင်းဒေသတွင် နိုင်ငံရေးအခြေအနေ တစ်စထက်တစ်စ ဆိုးရွားနေမှုကြောင့် ယင်းဒေသနှင့် ပါကစ္စတန်နိုင်ငံအတွက် တိုက်ရိုက်ထိခိုက်မှု ဖြစ်ပေါ်လျက်ရှိရာ ပါကစ္စတန်နိုင်ငံက ပါလက်စတိုင်း ပြဿနာကို ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရန် စိတ်အားထက်သန်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာမီကပြောကြားသည်။

ပါလက်စတိုင်းပြဿနာကို တရားသဖြင့် ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်သည့် အာမခံချက်များ ရရှိခဲ့ပါက ပါကစ္စတန်က ပါဝင်ဖြေရှင်းလိုသည်ဟု ပါကစ္စတန်နိုင်ငံခြားရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ တက်စနင်အက်စလမ်က ပြောကြားသည်။

မွတ်စလင်ကမ္ဘာမှ ခေါင်းဆောင်များက ပါကစ္စတန်သမ္မတ မူရှာရက်ဖ်အား ယင်းပြဿနာဖြေရှင်းရေးအတွက် ကြားဝင်ဖြေရှင်းသည့် အခန်းကဏ္ဍမှ ပါဝင်ရန် တိုက်တွန်းကြသည်ဟု မူရှာရက်ဖ်၏ ပြောကြားချက်များအပေါ် အစ္စရေး၏ တုံ့ပြန်မှုနှင့် ပတ်သက်၍မေးခွန်းကို တက်စနစ်အက်စလင်က တုံ့ပြန်ဖြေကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနှင့် ဥရောပသမဂ္ဂအတွင်း ဗီဇာမလိုဘဲခရီးသွားလာနိုင်ရန်စီစဉ်

မော်စကို မေ ၂၅

ရုရှားနှင့် ဥရောပသမဂ္ဂ နိုင်ငံများအတွင်း ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ ခရီးသွားနိုင်ရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို အင်္ဂါနေ့ကစတင်ပြုလုပ်ခဲ့ရာ ရုရှားနှင့် ဘယ်လ်ဂျီယံနိုင်ငံအကြား တင်းမာနေချိန်ဝယ် ဆက်ဆံရေး တိုးတက်မှုရှိလာသည့် လက္ခဏာတစ်ရပ်ဖြစ် နေသည်။

ဖော်ပြပါ ဆွေးနွေးပွဲကြောင့် ရုရှားနှင့်ဥပရောသမဂ္ဂအတွင်း ပြည်သူများ အနေဖြင့် ခရီးသွားလာခွင့်နှင့် အလုပ်လုပ်နိုင်ခွင့် ပေါ်ပေါက်လာနိုင်သည်ဟု ဥရောပတရားရေးနှင့် ပြည်ထဲရေးကိစ္စ မင်းကြီးဖရန်ကိုဖရက်တီနီကပြောကြားသည်။

ရုရှားနိုင်ငံနှင့်မိမိတို့ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ ခရီးသွားနိုင်သည့် ဆွေးနွေးပွဲ စတင်ကျင်းပနိုင်ပါက ကျယ်ကျယ်ပြန့်ပြန့်အကျိုးဖြစ်ထွန်းမှုရှိလာမည်ဟု ၎င်းကပြောကြားသည်။

ယင်းထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန်အတွက် ရုရှားနှင့်အီးယူခေါင်းဆောင်များသည် ရုရှားနိုင်ငံ ဆမ်မာရာမြို့သို့ မေ ၁၈ ရက်တွင် သွားရောက်ကြမည်ဖြစ်သည်။

ရုရှားသို့ခရီးသွားနေကြသည့် အီးယူနိုင်ငံများမှ ပြည်သူများအနေဖြင့် ယခုအခါ ဗီဇာထိန်းချုပ်မှုများဖြင့် ရင်ဆိုင်နေရပြီး အီးယူနိုင်ငံများသို့ သွားရောက်သည့် ရုရှားပြည်သူများအနေဖြင့်လည်း ကန့်သတ်မှုများဖြင့်ရင်ဆိုင်နေရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်သို့ ရေလမ်းမှသယ်ယူလာသော ကိုကင်းအများအပြားဖမ်းဆီးရမိ

ဝါရှင်တန် မေ ၂၅

အမေရိကန်နိုင်ငံအတွင်းသို့ ရေကြောင်းမှ မူးယစ်ဆေးဝါး သယ်ဆောင်မှုသမိုင်းတွင် အကြီးဆုံးသော ဖမ်းဆီးမှုကို မကြာသေးမီက ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းမိခဲ့ကြောင်း မေ ၂၄ ရက်တွင် ထုတ်ပြန်သည့် စီအင်န်အင်န်သတင်းတွင် ဖော်ပြသည်။

ပနားမားကုန်သင်္ဘောမှ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးပမာဏမှာကိုကင်းတန် ၂၀ ဖြစ်ကြောင်း သတင်းတွင် ကြေညာသွားသည်။ ပနားမားကမ်းခြေအနီး၌အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ကင်းလှည့်နေစဉ် ယင်းမှောင်ခိုသင်္ဘောကို ဖမ်းမိခြင်းဖြစ်သည်။

ဖမ်းမိသော ကိုကင်းများအား ပလတ်စတစ်အထုပ်ပေါင်း ၇၆၅ ထုပ်အတွင်း ထည့်သွင်းထားသည်ကို တွေ့ရပြီး ယင်းတို့၏ တန်ကြေးသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ မျှရှိမည်ဟု ခန့်မှန်းသည်။

အမ်အင်အေ၊ဆင်ဟွာ။

မိုဇမ်ဘစ်နှင့်ကျူးဘားပူးပေါင်းဆောင်ရွက်မည်

လူအန်ဒါ မေ ၂၄

မိုဇမ်ဘစ်နှင့် ကျူးဘားနိုင်ငံတို့သည် စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း မိုဇမ်ဘစ်သတင်းဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

လက်မှတ်ရေးထိုး

မိုဇမ်ဘစ်နိုင်ငံ မာပူတိုမြို့၌ တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိ ကျင်းပသည့် နှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေးတွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်ခဲ့သည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြသည့်စာချုပ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုလည်းကောင်း အစည်းအဝေးတက်ရောက်သူများက ဆွေးနွေးခဲ့ကြသည်။

မိုဇမ်ဘစ်နိုင်ငံ လူငယ်နှင့် အားကစားဝန်ကြီးဌာနနှင့် ကျူးဘားနိုင်ငံလူငယ်ရေးရာအဖွဲ့တို့ကလည်း ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မိုဇမ်ဘစ်နှင့် ကျူးဘားနိုင်ငံတို့သည် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍတို့တွင် အဓိက ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် စစ်ဆေးနေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယ်စပ်မှ ခိုးဝင်လာသူတစ်ဦးကို ပစ်သတ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင် စွဲချက်တင်ခံရ

ဖီးနစ် မေ ၂၅

အမေရိကန် ပြည်ထောင်စုအတွင်း ဝင်ရောက်ခဲ့သည့် မက္ကဆီကိုနိုင်ငံသားတစ်ဦးကို လွန်ခဲ့သည့် ဇန်နဝါရီလက သေနတ်ဖြင့် ပစ်သတ်ခဲ့သောအမှုဖြင့် အမေရိကန် နယ်စပ်လှည့်ကင်းမှ တပ်ဖွဲ့ဝင်တစ်ဦး စွဲချက်တင်ခံရသည်။ ယင်းဖြစ်ရပ်ကြောင့် အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံတို့ ဆက်ဆံရေးတင်းမာမှု မြင့်မားလာခဲ့ပြီး မက္ကဆီကိုက အမေရိကန်အားရှုတ်ချပြောကြားသည်။

စွဲချက်တင်

၎င်းတပ်ဖွဲ့ဝင်သည် နီကိုလပ်ကော်ဘက်ဖြစ်ပြီး ကိုချီလ်ဒေသရှိ ရှေ့နေရုံးက ပြစ်မှုလေးမှုဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်

မက္ကဆီကိုနိုင်ငံသား ဖရန်စစ္စကိုဒိုမင်ဂူအက်ရီဗရာက ဒေါက်ဂလပ်နှင့် နာကိုဒေသအတွင်းရှိ သဲကန္တာရကို ဇန်နဝါရီ ၁၂ ရက်က ဖြတ်သန်းခဲ့ပြီးနောက် ၎င်းအား ဥပဒေမဲ့ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု စွဲချက်တင်ထားသည်။

ယင်းပစ်ခတ်မှု ဖြစ်ပွားပြီးနောက် မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာနက အကြမ်းဖက်ပစ်ခတ်မှုဟု ထုတ်ဖော်ပြောကြားပြီးယင်းကိစ္စကိုစုံစမ်းစစ်ဆေးရန် ဝါရှင်တန်မြို့ရှိ မက္ကဆီကိုသံရုံးသို့ အကြောင်းကြားထားသည်။

အမ်အင်အေ၊ရိုက်တာ။

သေနတ်သမားများက ဘာကူဘာမြို့ကို ဝင်ရောက်တိုက်ခိုက် ခြောက်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိ၊ အိမ်များ မီးလောင်

ဘဂ္ဂဒက် မေ ၂၅

အီရတ်တပ်ဖွဲ့ဝင်ဝတ်စုံများ ဝတ်ဆင်ထားသည့် သေနတ်သမားများသည် ဘာကူဘာမြို့အတွင်း အင်္ဂါနေ့က ဝင်ရောက်တိုက်ခိုက်သဖြင့် လူခြောက်ဦးသေဆုံးပြီး လူ ၁၅ ဦးဒဏ်ရာရရှိကာ အိမ်ခြေအများအပြား မီးလောင်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါ်ပေါက်

ဘာကူဘာအနီးရှိ စစ်ဘက်စခန်းတွင် ကားဗုံးဖောက်ခွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးပြီး အခြားလူ ၂၀ ဒဏ်ရာ ရရှိခဲ့ပြီးသည့် နောက်တစ်နေ့တွင် ဖော်ပြပါဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တနင်္လာနေ့တွင်ပင် ဘာကူဘာမြို့၏ အခြားသောနေရာတစ်နေရာတွင် ကားဗုံးဖောက်ခွဲသူတစ်ဦးက ရဲတာဝန်ရှိပုဂ္ဂိုလ်များ စုရုံးနေကြစဉ် ဗုံးဖောက်ခွဲသဖြင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးခဲ့သည်။ ဘာကူဘာရဲတပ်ဖွဲ့၏ အကြီးအကဲတစ်ဦးလည်းသေဆုံးရာတွင် ပါဝင်ခဲ့သည်။

ဘာကူဘာမြို့သည် ဘဂ္ဂဒက်မြို့၏မြောက်ဘက်မိုင် ၄၀ အကွာရှိပြီး ဒိုင်ယာလာပြည်နယ်၏ မြို့တော်ဖြစ်သည်။ ယင်းမြို့တွင် ဆွန်နီအာရပ်များနှင့် ရှီးယိုက်လူမျိုးများ စုပေါင်းနေထိုင်ကြပြီး အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများ အပြင်းအထန် တိုက်ခိုက်မှုများဖြစ်ပွားသည့်နေရာဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

စပိန်နိုင်ငံ ဆီဗီလာဒေသ၌ တည်ဆောက်ထားသော နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် နေရောင်ခံပြားများကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဥရောပကားဈေးကွက်၌ ရောင်းအားမြှင့်တင်ရန် ဟွန်ဒိုင်းနှင့် ကီယာ ကားကုမ္ပဏီတို့ ထုတ်လုပ်မှု တိုးချဲ့မည်

ဆိုးလ် ဧပြီ ၂၅

တောင်ကိုရီးယားနိုင်ငံတွင် အကြီးဆုံး မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ဟွန်ဒိုင်း ကားကုမ္ပဏီနှင့် ၎င်း၏မိတ်ဖက်ကီယာကားကုမ္ပဏီတို့သည် ဥရောပကားဈေးကွက်တွင် ယင်းကုမ္ပဏီတို့မှထုတ်လုပ်သော ကားများကို နှစ်စဉ်တိုးချဲ့ရန် စီစဉ်လျက်ရှိသည်။၂၀၁၀ပြည့်နှစ်တွင် ဥရောပရှိ ယင်းကုမ္ပဏီများ၏စက်ရုံများ အပြည့်အဝလည်ပတ်နိုင်ချိန်တွင် ကားအစီးရေ ၁ ဒသမ ၂၂ သန်းထိ ရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း ယွန်ဟတ်သတင်းဌာနက ဧပြီ ၂၄ရက်တွင် ဖော်ပြသည်။

ဥရောပကားဈေးကွက်တွင် ဟွန်ဒိုင်းနှင့် ကီယာကုမ္ပဏီတို့၏ ယမန်နှစ် ကားရောင်းချရနှုန်းသည် ၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ကီယာကုမ္ပဏီ၏ စက်ရုံဖွင့်ပွဲ၌ ဟွန်ဒိုင်းကုမ္ပဏီဥက္ကဋ္ဌ ချွန်မွန်ကိုးက ပြောကြားသည်။ ယင်းစက်ရုံကို စလိုဗက်ကီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဇီလီနာမြို့၌ တည်ဆောက်ထားသည်။

မျှော်မှန်း

ယင်းစက်ရုံ စတင်လည်ပတ်သည့်နှစ်မှာပင် အမြတ်အစွန်းရရှိလာမည်ဟု မျှော်မှန်းထားကြောင်း ချန်က ပြောကြားသည်။

ဇီလီယာမြို့တွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၃၅ဘီလီယံတန်ဖိုးရှိ စက်ရုံမှ နှစ်စဉ်ကားအစီးရေ ၃၀၀၀၀၀ ခန့် ထုတ်လုပ်နိုင်ရန် ကီယာကုမ္ပဏီက စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားမှ အမျိုးသမီးယာဉ်မောင်း ဖော်မြူလာကားမောင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည်

ဂျကာတာ ဧပြီ ၂၅

အင်ဒိုနီးရှားအမျိုးသမီးများအနက် အလက်ဇန္ဒရာအင်ဒရာ အစ်မာဆူဘရာတာသည် ဖော်မြူလာ ကားမောင်းပြိုင်ပွဲ၌ ပထမဦးဆုံးပါဝင်ယှဉ်ပြိုင်သူ အမျိုးသမီးအဖြစ် အင်ဒိုနီးရှားပြတိုက်ဌာနက မှတ်တမ်းတင် အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း ဒေသခံ မီဒီယာက ဧပြီ ၂၄ ရက်တွင် ဖော်ပြသည်။

ယှဉ်ပြိုင်မည်

အသက် ၁၈ ရှိပြီဖြစ်သော အင်ဒရာသည် အင်ဒိုနီးရှား ပြည်တွင်း ကားမောင်းပြိုင်ပွဲများတွင် အများအပြား ပါဝင် ယှဉ်ပြိုင်ခဲ့သော အတွေ့အကြုံရှိသည်။ ၎င်းသည် မေ ၁ ရက်နှင့် ၂ ရက်များတွင် တရုတ်နိုင်ငံ၌ ကျင်းပမည့် အာရှဖော်မြူလာ ရေးနော ကားမောင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဂျကာတာပို့စ် သတင်းစာက ရေးသားသည်။

မျှော်မှန်းထား

၎င်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်မည့်ပြိုင်ပွဲတွင် နံပါတ်တစ်မှ ၁၀ အတွင်း ရရှိအောင် ယှဉ်ပြိုင်သွားရန် မျှော်မှန်းထားကြောင်း သတင်းက ဖော်ပြသည်။

အင်ဒရာသည် ၂၀၀၆ ခုနှစ်အတွင်း အထက်တန်းစာမေးပွဲ ဖြေဆိုနေရသဖြင့် ထိုနှစ်က ကျင်းပသော မော်တော်ကားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းမရှိဘဲ လက်လွှတ်ခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ စီကျန်းပြည်နယ် ဇီတန်မြို့တွင် ပြုလုပ်သည့် ခရီးသွားလုပ်ငန်း အလှမယ်ရွေးပွဲတွင် အနိုင်ရရှိသူ မာဝီကို ဆုယူအပြီး ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူစီးပွားရေး တိုးတက်မှု ယခုနှစ်တွင် နှေးကွေးမည်

စင်ကာပူ ဧပြီ ၂၅

စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုနှစ်တွင် နှေးကွေးသွားလိမ့်မည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့စီးပွားရေးနှင့် အိုင်တီလုပ်ငန်းများ နှေးကွေးလာစရာရှိသဖြင့် စင်ကာပူနိုင်ငံ၏ စီးပွားရေးသည်လည်း လိုက်၍ နှေးကွေးသွားရခြင်းဖြစ်သည်ဟုဆိုသည်။

အဓိကတွန်းအားဖြစ်ဖွယ်

စင်ကာပူ၏ အိုင်တီလုပ်ငန်းများ အရှိန်လျော့သွားမည်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်မှုအင်ဂျင်နီယာလုပ်ငန်းနှင့် ဇီဝဆေးပညာလုပ်ငန်း နယ်ပယ်များသည် စီးပွားရေး၏ အဓိကတွန်းအားများ ဖြစ်လာဖွယ်ရာရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၀၆ ခုနှစ်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၀၇ ခုနှစ်တွင် ၄ဒသမ ၅ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်း အတွင်းသာ တိုးတက်မည်ဟု ဗဟိုဘဏ်က ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။





ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြသထားသည့် တိုကျိုတက္ကသိုလ်နှင့် သုတေသနဌာနတို့ ပူးပေါင်းထုတ်လုပ်သော ရိုဘော့စက်ရုပ်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရန် မော်ရိုကိုနှင့်ဆီနီဂေါ ပူးပေါင်းဆောင်ရွက်မည်

ရာဘတ် ဧပြီ ၂၅

မော်ရိုကိုနှင့် ဆီနီဂေါနိုင်ငံတို့သည် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။ ယင်းသဘောတူစာချုပ်အရ မော်ရိုကိုနှင့် ဆီနီဂေါနိုင်ငံတို့သည် အပြန်အလှန် အကူအညီပေးကြမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားနိုင်ငံတွင် ရှားပါးကြံ့သတ္တဝါ၏ သွားလာမှုကို ဗီဒီယိုဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့

ကွာလာလမ်ပူ ဧပြီ ၂၅

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်း၌ ကမ္ဘာပေါ်တွင် အရှားပါးဆုံး တိရစ္ဆာန်ဖြစ်သည့် ကြံ့ကို ပထမဆုံးအကြိမ် ဗီဒီယိုဖြင့် မှတ်တမ်းတင် ရိုက်ကူးနိုင်ခဲ့ကြောင်း တောရိုင်းတိရစ္ဆာန်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ပထမဆုံး

အဆိုပါ ရုပ်ရှင်သည် နှစ်မိနစ်ကြာ ရိုက်ကူးထားသည့် ဗီဒီယိုရုပ်ရှင်အခွေဖြစ်ပြီး ဘော်နီယိုကျွန်းမှ ချုံနှစ်ခုရှိသော အဆိုပါကြံ့သတ္တဝါ၏ နေထိုင်စားသောက်ပုံများကို ပထမဆုံးမှတ်တမ်းတင် ရိုက်ကူးနိုင်ခြင်းဖြစ်သည်ဟု ကမ္ဘာ့ တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)မှ မလေးရှား တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လျှို့ဝှက်

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်း ဆဘားပြည်နယ် အလယ်ပိုင်းရှိ တောနက်အတွင်းတွင် ကြံ့ ၂၅ကောင်မှ အကောင် ၅၀ အထိ အသက်ရှင်လျက်ရှိနေကြသည်။ အဆိုပါ တိရစ္ဆာန်များသည် သွားလာနေထိုင်မှု လျှို့ဝှက်သဖြင့် လွန်ခဲ့သည့်နှစ်တွင်မှ မှတ်တမ်းတင် ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နော်ဝေးနိုင်ငံ ရေပြင်တွင် ကယ်ဆယ်ရေး သင်္ဘောတစ်စင်း ခုတ်မောင်း သွားလာနေသည်ကို ဧပြီ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စတန်ဘူလ်တွင် ရှစ်ထပ်အဆောက်အအုံပြိုကျ

အစ္စတန်ဘူလ် ဧပြီ ၂၆

တူရကီနိုင်ငံ မြို့တော် အစ္စတန်ဘူလ်တွင် လူနေတိုက်ခန်းတွဲ နေအိမ်အဆောက်အအုံတစ်လုံး ပြိုကျမှု ယနေ့ဖြစ်ပွားရာ နှစ်ဦးထက်မနည်း သေဆုံးကြောင်း၊ အဆောက်အအုံအတွင်း ပိတ်မိနေသူများ ရှိနိုင်သည်ဟု ယူဆရပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

အစ္စတန်ဘူလ်ရှိ ရှစ်ထပ်အဆောက်အအုံပြိုကျခြင်းဖြစ်ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ယင်းအဆောက်အအုံနှင့် အဆောက်အအုံအနီးဝန်းကျင်ရှိ လူများကိုဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊အဆောက်အအုံ ပြိုမကျမီ အက်သံများ ပေါ်ထွက်ခဲ့သဖြင့် အဆောက်အအုံ တစ်စိတ်တစ်ဒေသတွင် နေထိုင်သူများမှာ ထွက်ပြေးနိုင်ခဲ့ကြောင်း သိရသည်။

စီအင်န်အင်န်။

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏမဟာထေရ်၏ မွေးနေ့အလှူမင်္ဂလာနှင့် သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၆

နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ မဟာထေရ်၏ သက်တော် (၈၈)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာနှင့် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး အလှူငွေများလက်ခံသည်။

နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ မဟာထေရ်၏ သက်တော်(၈၈)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာနှင့် အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏမဟာထေရ် အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ မဟာထေရ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ က နိုင်ငံတော်သြဝါဒါစရိယ ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန်နှင့် တာဝန်ရှိ သူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဘိဓဇ သုံးထပ် ဆွမ်းစား ကျောင်းတော်ကြီးအတွက် အလှူရှင်များဖြစ်ကြသော ဦးအောင် မြင့်စိုး မိသားစုက ငွေကျပ်သိန်း ၁၇၀ နှင့် ဒေါ်ယဉ်မေမိသားစုက ငွေကျပ် သိန်း ၁၃၀ တို့ကို ပေးအပ်လှူဒါန်း ကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြ သော ယူပီဂျီကုမ္ပဏီဥက္ကဋ္ဌ ဦးကြည် ဝင်း-ဒေါ်ရီရီအေးမိသားစုက ငွေကျပ် ၈၈သိန်းနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးသိန်းဝင်း-ဒေါ်နီမိသားစုက ငွေကျပ် ၁၈သိန်းတို့ကို ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ထံသို့လည်းကောင်း၊ အလှူရှင် ဦးအောင် ဇော်ဝင်း-ဒေါ်မြတ်ဇင်မာချို မိသားစု က ငွေကျပ် ၁၈ သိန်းကို မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြ သည်။

အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်း တော်ကြီးအတွက် အလှူရှင်များက ယနေ့ ပေးအပ်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄၃၄ သိန်းဖြစ်သည်။

ယင်းနောက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချ နာယက ပထမကျော် အဂ္ဂမဟာ အကျော် သ၊စ၊အ ဓမ္မာစရိယ ဝင့်သကာ ဝိနယပါဠိပါရဂူ လှရတနာကျောင်း ဘဒ္ဒန္တ နာရဒါဘိဝံသထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချအနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက်လုံးဆိုင်ရာ (၁၄)ကြိမ် မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ရပ်ကွက်အတွင်းရှိ သီရိအောင်မြေ ဓမ္မာရုံတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များစုပေါင်း၍ ဘိုးဘွား ၉၅ ဦးတို့အား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြောက်ဥက္ကလာပ သွေးလှူရှင်ဂုဏ်ပြုမည်

ရန်ကုန် ဧပြီ ၂၆

မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင် အသင်း၏ ဒုတိယအကြိမ် သွေးလှူရှင် ဂုဏ်ပြုပွဲကို မေ ၁၇ ရက် (ကြာသ ပတေးနေ့) နံနက် ၉ နာရီတွင် မြို့နယ် ခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ကွက်အသီးသီးမှ သွေးလှူရှင်များသို့ ဖိတ်စာများ ပေးပို့ လျက်ရှိကြောင်းနှင့် ဖိတ်စာမရရှိသူ များအနေဖြင့် မိမိတို့၏ သွေးလှူရှင် ကတ်များကို ပြသလျက် မြောက် ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး သွေးလှူဘဏ် တွင် မေ ၄ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ဖိတ်စာများထုတ်ယူ ကြရန် နှိုးဆော်ထားကြောင်း သတင်း ရရှိသည်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့်ရာထူး၊ ဌာန**
(က)	ဒေါက်တာမြမြဦး ဒုတိယပါမောက္ခချုပ် ရန်ကုန်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ခ)	ဦးကြည်သာ အထွေထွေမန်နေဂျာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
(ဂ)	ဒေါက်တာသန်းရွှေ အထွေထွေမန်နေဂျာ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန

ဓညဝတီ သာသနာပြုကျောင်းတိုက် (ဗဟန်း) ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဧပြီ ၂၆

ဓညဝတီ သာသနာပြုကျောင်းတိုက်(ဗဟန်း) နှစ်ထပ်ဓမ္မာရုံသစ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိ၊ စန္ဒမုနိ၊ စကြာမုနိ ပုံတူရုပ်ပွားတော်မြတ် သုံးဆူအား ဒုတိယအကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယ ပွဲတော်ကို ဧပြီ ၃၀ ရက် (ကဆုန်လပြည့်)နေ့ နံနက် ၈ နာရီတွင် အဆိုပါ မဟာမုနိဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကြွရောက်လာသော ဧည့်ပရိသတ်များအား နယ်စပ်နယ်လှည့်သာသနာပြု မြောက်ဦး(ချောင်းသစ်) ဆရာတော် ဦးနန္ဒမာလာ (ကမ္မဋ္ဌာနာစရိယ)က တရားချီးမြှင့်မည်ဖြစ်ပြီး ဦးအောင်သာထွန်း(ခ) ဦးငန်းကျားနှင့် ဇနီး ဒေါ်မြဦး မိသားစုက နေ့ဆွမ်း ကျွေးမွေးလှူဒါန်းပြီး ရေစက်ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဗုဒ္ဓဘာသာ မင်္ဂလာ ယဉ်ကျေးမှု သင်တန်းဆင်း

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဝန်ထမ်း မိသားစုကလေးများ ဗုဒ္ဓဘာသာ မင်္ဂလာယဉ်ကျေးမှု သင်တန်းဆင်းပွဲ ကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက နှင်းဆီကုန်း ဘိုးဘွားရိပ်သာဝင်း အတွင်းရှိ အေးချမ်းအောင်မြင်စေတီ တော် အာရုံခံတန်ဆောင်းတွင် ကျင်းပ သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆင်း အောင် လက်မှတ်များကို အမှုဆောင်ကော်မတီ ဝင်များက ပေးအပ်၍ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းက ဝမ်းမြောက်စကား ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။

အဆိုပါသင်တန်းတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်ကော်မတီ တွဲဖက်အတွင်း ရေးမှူး ဦးသိန်းအောင်က ဧပြီ ၁၃ ရက်မှ ၂၂ ရက်အထိ တာဝန်ယူ သင်ကြားပို့ချပေးခဲ့ပြီး ဝန်ထမ်းမိသားစု ကလေးငယ် ၂၄ ဦး တက်ရောက် သင်ကြားခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

(အပေါ်ပုံ)

အင်အားအနည်းငယ် မြေငလျင်လှုပ်ရှား

နေပြည်တော် ဧပြီ ၂၆

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၅၄ မိနစ် ၁၀ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် ၁၀၃ မိုင်ခန့် ကွာဝေးသော နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။

(သတင်းစဉ်)

ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး အထိမ်းအမှတ်လမ်းဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၆

ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် ကတ္တရာလမ်းသစ်ဖွင့်ပွဲများကို ဧပြီ ၂၄ရက် နံနက် ၇နာရီတွင် သတ်မှတ်နေရာများ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းဆုံ ကိုင်းတန်းလမ်းထိပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် ကိုင်းတန်းလမ်းသစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးခိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ကိုင်းတန်းလမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၇၆၀၊ အကျယ် ၂၄ပေဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူတို့၏ ပူးပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၆)လမ်း အောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မဟာဗန္ဓုလလမ်းနှင့် (၁၆) လမ်းဆုံ (၁၆)လမ်းအောက်လမ်းထိပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် (၁၆)လမ်း အောက်လမ်းသစ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်း တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လမ်းအတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

(၁၆)လမ်း အောက်လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၅၈၀ အကျယ် ၁၈ပေဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ပြည်သူတို့၏ ပူးပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်သို့ ရောက်ရှိကြပြီး အဆိုပါ လမ်းထောင့်ရှိ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများသည် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လူကူးမျဉ်းကျား ရေးဆွဲပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို နံနက် ၈နာရီတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစီအစဉ် ပထမပိုင်းကို ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဂီတအစည်းအရုံးမှ အနုပညာရှင်များ၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများက လမ်းအန္တရာယ်ကင်းရှင်းရေး သီချင်း သရုပ်ဖော်နှင့် ဇာတ်လမ်းသရုပ်ဖော်များကို ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ဖျော်ဖြေတင်ဆက်ကြသည့် ဂီတအစည်းအရုံးနှင့် အခြေခံပညာကျောင်းများကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း၊ လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၊ ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၊ ဦးဇော်လူထက်အဖွဲ့နှင့် သဘင်အစည်းအရုံးတို့က လမ်းအန္တရာယ်ကင်းရှင်းရေး သီချင်းဆိုခြင်း၊ သရုပ်ပြသင်ကြားခြင်း၊ ကဗျာသီဆိုခြင်းနှင့် သီချင်းသရုပ်ဖော်ခြင်းတို့ဖြင့် ဖျော်ဖြေကြပြီး **"မိတ်ဆွေစည်းကမ်းရှိ"** သီချင်းကို ကျောင်းသား၊ ကျောင်းသူလေးများ စုပေါင်း၍ သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဖျော်ဖြေတင်ဆက်ကြသည့် သဘင်အစည်းအရုံး၊ ဦးဇော်လူထက်အဖွဲ့နှင့် အခြေခံပညာကျောင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Emergency Management for GPs(2007) သင်တန်းကို မေ ၁၂ရက်မှ ၁၅ရက်အထိ စနေ/တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်ပါ၍ တက်ရောက်လိုသော ဆရာဝန်များသည် မေ ၇ ရက်မှ ၁၁ရက်အထိ ရုံးချိန်အတွင်း စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမိုင်းဝင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် ဦးညွန့်မောင်၊ ဦးဝီလျံလှျင်အားရည်စူး၍ ဓေတ္တ မလေးရှားနေ ဒေါ်မြင့်ကြည်၊ ဒေါ်နွယ်နီအေး၊ ကိုဝင်းဇော်မိုး-မစန္ဒာနွယ် မိသားစုက မျက်ပါးရွှေ ငါးဆိုင်း ကျပ်တစ်သိန်းတစ်သောင်းကို အလှူရှင်များကိုယ်စား မဝင်းမြင့်ဌေးနှင့် မစန်းစန်းယုတို့က ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)သို့ လာရောက်လှူဒါန်းရာ ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ကိုယ်စား အဖွဲ့နာယက ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)တို့ လက်ခံရယူစဉ်။ (က-ပ)

လှည်းဆိပ် အထက မြတ်ဆရာပူဇော်ပွဲကျင်းပ

ထန်းတပင် ဧပြီ ၂၆

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှည်းဆိပ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ရက်ကကျင်းပရာ ပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် ဂါရဝပြုပူဇော်ကန်တော့ကြသည်။

ယင်းနောက် ဦးဝင်းခိုင်-ဒေါ်ဝါဝါလှိုင် မိသားစု(ခိုင်ဇော်သဘော်ဆေးဆိုင်) **(အောက်ပုံ)**က ငွေကျပ် ၁၀ သိန်းအပါအဝင် အလှူရှင်များက လှူဒါန်းငွေကျပ်၃၃ သိန်းကိုပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မြင့်ကလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းအလှူငွေများဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကင်းမြို့နယ် ဂီတမာလာလမ်း၊ ပြည်သာယာရိပ်သာ၊ ဘောက်ထော်နေ ဒုတိယဗိုလ်မှူးကြီး မောင်ကျော်(ငြိမ်း)-ဒေါ်တင်တင်အေးမိသားစုက (၄၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

The LIVE NEWS ဂျာနယ် အမှတ်(၃၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၆

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၃၂) ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံတွင် ဇနီးမောင်နှံ ၂၂ တွဲအား ဖန်ပြွန်သန္ဓေသားနည်းပညာဖြင့် ဆောင်ရွက်ပေးရာ သုံးဦးအောင်မြင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူများ အချိန်၊ ငွေကုန်သက်သာစွာဖြင့် သက်ဆိုင်ရာရုံးများ၌ လျှောက်ထားနိုင်၊ ဆင်ဆိုးအန္တရာယ် မန်ကျည်းပင်ကကယ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် E-Payment System ၊ ၂၀၀၇ခုနှစ် ဧပြီ ၂၈ရက်မှ မေလ ၄ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ နှောင်းကဆုန်လပြည့်ကျော်၊ စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊ ကမ္ဘာပတ်ပြီး သင်္ကြန်ပွဲနွဲတဲ့ မေခလာ၊ တက္ကစီမင်းနှင့် တချွေမလေး၊ ဗာဂျီးနီးယားစက်မှုတက္ကသိုလ်မှ လူသတ်ပွဲ၊ ကိုရီးယားရုပ်ရှင်ကြိုက်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၉-၄-၂၀၀၇) ရက်နေ့

၂၀၀၇ ခုနှစ် မေလအတွက်
(၁၃-၅-၂၀၀၇) ရက်နေ့
နှင့်
(၂၇-၅-၂၀၀၇)ရက်နေ့

ဗိုလ်လောင်းတပ်ခွဲ စစ်ဆေး

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်သားတွေဟာ မျိုးချစ်စိတ်ဓာတ် ခိုင်မာရုံသာမက စည်းကမ်းကောင်းဖို့ အထူးလိုအပ် စည်းကမ်းတို့၊ ဥပဒေတို့ဆိုတာ လုပ်သင့်တာကို တိုက်တွန်းပြီး မလုပ်သင့်တာကို တားမြစ်ခြင်းပဲဖြစ်တယ်

☆ **ရှေ့ဖုံးမှ**

မျိုးချစ်စိတ်ဓာတ်ဆိုရာမှာ နိုင်ငံနဲ့ လူမျိုးရဲ့ သမိုင်းကြောင်းကို ခြေခြေမြစ်မြစ်သိရှိပြီး သမိုင်းကပေးတဲ့ သင်ခန်းစာအပေါ်မှာ အခြေတည်တဲ့ မျိုးချစ်စိတ်ဓာတ်ဖြစ်ရမယ်။ အခြေခံအကြောင်းတရားမပါတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ဆိုရင် အန္တရာယ်ရှိတဲ့ မျက်ကန်းမျိုးချစ် ဖြစ်သွားနိုင်တယ်။ ဒို့နိုင်ငံရဲ့သမိုင်းမှာ နိုင်ငံသားတွေ စည်းလုံးညီညွတ်တဲ့ကာလဆိုရင် နိုင်ငံဟာ အင်အားခိုင်မာတောင့်တင်းခဲ့ပြီး သွေးကွဲတဲ့ကာလတိုင်း နိုင်ငံဟာ အင်အားချည့်နဲ့တတ်တဲ့အပြင် ပြိုကွဲပျက်စီးသွားခဲ့ဖူးတဲ့ သာဓကတွေဟာ သမိုင်းရဲ့ သင်ခန်းစာတွေပဲဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုရဲ့ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲတဲ့ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြဖို့ဟာ အလွန်အရေးကြီးပြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမယ့် စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်ဖြစ်တယ်။ ရဲဘော်တို့ဟာ ရောက်ရာဒေသမှာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးအတွက် ကြိုးပမ်းထမ်းဆောင်ကြဖို့လိုကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့—

တပ်မတော်သားတွေဟာ မျိုးချစ်စိတ်ဓာတ်ခိုင်မာရုံသာမက စည်းကမ်းကောင်းဖို့ အထူးလိုအပ်တယ်။ စည်းကမ်းတို့ ဥပဒေတို့ဆိုတာ လုပ်သင့်တာကို တိုက်တွန်းပြီး မလုပ်သင့်တာကို တားမြစ်ခြင်းပဲဖြစ်တယ်။ ဒါကြောင့် စည်းကမ်းဟာ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်ရဲ့ တည်ရာမှီရာပဲဖြစ်တယ်။ တပ်မတော်ကို စည်းကမ်းနဲ့ ရစ်ဖွဲ့စည်းနှောင်ထားတာဖြစ်တဲ့အတွက် စည်းကမ်းပျက်ရင် တပ်ပျက်မှာဖြစ်ပြီး စည်းကမ်းကောင်းရင် တပ်ကောင်းဖို့အတွက် ခိုင်မြဲတဲ့အခြေခံကို ရရှိပြီးဖြစ်လိမ့်မယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မိမိကိုယ်တိုင်နဲ့ မိမိကွပ်ကဲရတဲ့တပ်ကို စည်းကမ်းအရာမှာ စံနမူနာပြဖြစ်အောင် တည်ဆောက်ကြဖို့ လိုအပ်တယ်။

ထို့အတူပဲ ရဲဘော်တို့ဟာ သစ္စာလေးချက်ကို မပျက်မယွင်းအောင် စောင့်ထိန်းကြရမယ်။ သစ္စာဆိုတာ မှန်ကန်စွာဆိုသော စကားဖြစ်တယ်။ ကျမ်းကျိန်ရခြင်း၊ သစ္စာဆိုရခြင်းဆိုတာဟာ တပ်မတော်ရဲ့ ထူးခြားတဲ့ ဓလေ့ထုံးတမ်း တစ်ခုဖြစ်တယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် ထားရှိတဲ့ သစ္စာတရားကြောင့်လဲ တပ်မတော်ဟာ မြင့်မြတ်မှုဆိုတဲ့ဂုဏ်ပုဒ်ကို ရရှိနေတာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ သစ္စာလေးချက်ကို ခိုင်ကျည်စွာ စောင့်ထိန်းကြရမယ်။ သစ္စာလေးချက်ကို သက်စွန့်ကြိုးပမ်း စောင့်ထိန်းလိုစိတ်ရှိမှလဲ နိုင်ငံနဲ့ လူမျိုးအတွက် စွန့်လွှတ်စွန့်စားရဲကြမှာဖြစ်တယ်။ အသက်ကို ပမာမထားဘဲ စွန့်လွှတ်စွန့်စားရဲခြင်းဟာ စစ်သားဂုဏ်ရည် ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်သားကောင်းပီသစွာ သစ္စာလေးချက်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး တာဝန်ကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့—

ရဲဘော်တို့ကို ယခုပြောကြားခဲ့တဲ့ အချက်တွေဟာ တပ်မတော်ရဲ့ အစဉ်အလာအချို့ပဲဖြစ်တယ်။ အစဉ်အလာကြီးမားခဲ့တဲ့ တပ်မတော်ဟာ နိုင်ငံတော်ပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးတော့မယ့် အန္တရာယ်ကြုံတိုင်း ပြည်သူရှေ့က မားမားရပ်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်ခဲ့စမြဲဖြစ်တယ်။

နိုင်ငံတော်မှာ ပထမဆုံးရင်ဆိုင်ခဲ့ရတဲ့ အန္တရာယ်ကတော့ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ ပြည်တွင်းရောင်စုံသောင်းကျန်းမှုနဲ့ ပြည်ပကျူးကျော်မှုဖြစ်တယ်။ ကိုလိုနီနယ်ချဲ့စနစ်ရဲ့ သွေးခွဲမှုကြောင့် ပြည်တွင်းရောင်စုံ သောင်းကျန်းမှုဟာ အကြီးအကျယ်ပေါ်ပေါက်ခဲ့ပြီး အစိုးရရဲ့ အာဏာဟာ ရန်ကုန်ကွက်ကွက်ကလေးသာ သက်ရောက်တော့တဲ့ အခြေအနေကို ရောက်ရှိခဲ့ရတယ်။ ထို့အတူပဲ ပြည်ပ ပယောဂကြောင့် ကူမင်တန်တွေဟာ မြန်မာ့ပိုင်နက်ကို ကျူးကျော်လာခဲ့ကြတယ်။ အဲဒီအချိန်မှာ တပ်မတော်ဟာ ရှိသမျှလူသူလက်နက်နဲ့ အန္တရာယ်မှန်သမျှကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့တယ်။

နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့တဲ့ ဒုတိယအန္တရာယ်ကတော့ ၁၉၅၈ ခုနှစ်က အာဏာရပါတီတွင်း အကွဲအပြဲဖြစ်တယ်။ တချို့ပါတီတွေဟာ ခါးပိုက်ဆောင်တပ်တွေ ဖွဲ့ခဲ့ကြပြီး တချို့ကတော့ မြေအောက်သောင်းကျန်းသူတွေနဲ့ ဆက်သွယ်ခဲ့ကြတယ်။ ပါတီတွင်း အကွဲအပြဲဟာ နိုင်ငံတော်မှာ သွေးချောင်းစီးခါနီးအထိ ပြင်းထန်ခဲ့တယ်။ အဲဒီအချိန်မှာ အာဏာရပါတီရဲ့ အကူအညီတောင်းခံမှုကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရတယ်။

တတိယအန္တရာယ်ကတော့ ၁၉၆၂ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပြည်ထောင်စုကြီးပြိုကွဲမယ့် အန္တရာယ်ပဲဖြစ်တယ်။ နယ်ချဲ့အလိုကျ ရေးဆွဲခဲ့ရတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါတဲ့ အားနည်းချို့ယွင်းချက်အပေါ်မူတည်ပြီး ပြည်နယ်ခွဲထွက်ရေး ကြိုးပမ်းမှုတွေပေါ်ပေါက်ခဲ့တယ်။ ဒီအန္တရာယ်ကိုလဲ တပ်မတော်ကပဲ ကာကွယ်ခဲ့ရတယ်။

စတုတ္ထအန္တရာယ်ကတော့ မင်းမဲ့စရိုက်တွေလွှမ်းမိုးပြီး မြို့ပေါ်နေ ပြည်သူလူထုအပါအဝင် နိုင်ငံသားအားလုံးဟာ အသက်ကို ဖက်နဲ့ထုပ်ထားရတဲ့ အခြေအနေမျိုးကို ရောက်ခဲ့တဲ့ ၁၉၈၈ ခုနှစ် အရေးအခင်းပဲဖြစ်တယ်။ တပ်မတော်ဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာရယူပြီး တိုင်းပြည်ကို ငရဲတွင်းထဲကနေ ကယ်ထုတ်လိုက်ရတာ ဖြစ်တယ်။

ဒီလိုနိုင်ငံတော်အပေါ်မှာ အန္တရာယ်ကျရောက်တိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် အကာအကွယ်ပေးခြင်းဟာ တပ်မတော်ရဲ့ သစ္စာတရားပဲ ဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့—

ယနေ့တပ်မတော်ဟာ ပြည်သူတို့ရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုအတွက် စားဝတ်နေမှုဖူလုံရေးနဲ့ ပညာတတ်နိုင်ငံတော်ဖြစ်ရေးတို့ဟာ မရှိမဖြစ်တဲ့ လိုအပ်ချက်တွေပဲဖြစ်တယ်။ နိုင်ငံတော်မှာ အေးချမ်းသာယာမှုနဲ့ တရားဥပဒေစိုးမိုးမှု မရှိရင် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေ ဖြစ်ပွားနိုင်တယ်။ ပြည်သူလူထုအတွက် စားဝတ်နေမှု ဖူလုံခြင်းမရှိရင် ငွေကြေးနဲ့ မတရားမဲဆွယ်မှုတွေ ဖြစ်ပေါ်နိုင်တယ်။ ထို့အတူပဲ နိုင်ငံသားတွေ ပညာရည်ပြည့်ဝမှုမရှိရင် လိမ်ခြင်း၊ ညာခြင်း၊ ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်းတို့ကို ခံရနိုင်တယ်။ ဒါ့ကြောင့် ဒီနေ့တပ်မတော်က ငြိမ်းချမ်းရေးအတွက် အခြေခံကောင်းတွေ၊ စီးပွားရေးအတွက် အခြေခံကောင်းတွေနဲ့ ပညာရေး၊ ကျန်းမာရေးတို့အတွက် အခြေခံကောင်းတွေကို ဘယ်ခေတ်ကနဲ့မှ မတူအောင် တည်ဆောက်ပေးလျက်ရှိတယ်။ ဒါဟာ တပ်မတော်သည် ပြည်သူ့အတွက်ဆိုတဲ့ မူအရ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခြင်းသာဖြစ်တယ်။

ယခုဆိုရင် ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး ပြည်သူနဲ့ လက်တွဲဆောင်ရွက်လျက်ရှိရာမှာ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးဟာ အပြီးသတ်လုပြီဖြစ်တယ်။ ကျန်တဲ့အဆင့်တွေဟာလဲ ပြည်သူတွေရဲ့ လက်တွဲကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ပြီးမြောက်သွားမှာပဲဖြစ်တယ်။ ဒါ့ကြောင့် ရဲဘော်တို့ဟာ ပါတီစုံဒီမိုကရေစီစနစ်အတွက် နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ မြန်မြန်ဆန်ဆန် ပြီးမြောက်အောင် မနားမနေဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့—

စစ်ဘက်ခေါင်းဆောင်ငယ်များဖြစ်တဲ့ ရဲဘော်တို့ဟာ ခေါင်းဆောင်ကောင်းတွေဖြစ်လာအောင် ကြိုးစားကြရမယ်။ ရာထူးကိုသာ အမိန့်စာနဲ့ ခန့်လို့ရတာဖြစ်ပြီး ခေါင်းဆောင်ဘဝကို ရရှိဖို့အတွက်တော့ မိမိတို့ကိုယ်တိုင်

☆ **ယနေ့တပ်မတော်ဟာ ပြည်သူတို့ရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ။ ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ တရား ဥပဒေစိုးမိုးရေး၊ ပြည်သူလူထုအတွက် စားဝတ်နေမှုဖူလုံရေးနဲ့ ပညာတတ် နိုင်ငံတော် ဖြစ်ရေးတို့ဟာ မရှိမဖြစ်တဲ့ လိုအပ်ချက်တွေပဲဖြစ်။**

☆ **ဒါ့ကြောင့် ဒီနေ့တပ်မတော်က ငြိမ်းချမ်းရေးအတွက် အခြေခံကောင်းတွေ၊ စီးပွားရေးအတွက် အခြေခံကောင်းတွေနဲ့ ပညာရေး၊ ကျန်းမာရေးတို့အတွက် အခြေခံကောင်းတွေကို ဘယ်ခေတ်ကနဲ့မှ မတူအောင် တည်ဆောက်ပေး လျက်ရှိ။ ဒါဟာ တပ်မတော်သည် ပြည်သူ့အတွက်ဆိုတဲ့ မူအရ အားသွန် ခွန်စိုက် ဆောင်ရွက်ပေးခြင်းသာဖြစ်။**

ငွေဓားဆု ချီးမြှင့်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အကောင်းဆုံး ဗိုလ်လောင်းဆုရ ဗိုလ်လောင်း အေးမင်းကြည်အား ငွေဓားဆု ချီးမြှင့်စဉ်။
(သတင်းစဉ်)

ကြိုးစားကြရမှာဖြစ်တယ်။ ဦးစွာပထမ ခေါင်းဆောင်မှုအင်္ဂါရပ်တွေနဲ့ ညီညွတ်အောင် ကျင့်ကြံနေထိုင်ကြရမယ်။ ဒါ့အပြင် ခေါင်းဆောင်နဲ့ ထိုက်တန်တဲ့ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်တွေနဲ့လဲ ပြည့်စုံအောင် ကြိုးပမ်းအားထုတ်ကြရမယ်။ စစ်ဘက်တာဝန်မှာ ခေါင်းဆောင်မှုနဲ့အတူ ကြီးကြပ်မှုနဲ့ကွပ်ကဲမှုဆိုတာလဲရှိတယ်။ တပ်ဖွဲ့တစ်ခုမှာ ခေါင်းဆောင်ကောင်းတစ်ယောက် ရှိနေရုံမျှနဲ့ပင် ကြီးကြပ်ကွပ်ကဲမှု ဆင့်ကဲဖြစ်စဉ်တွေဟာ ကောင်းပြီးသားဖြစ်လိမ့်မယ်။ သို့သော် ကြီးကြပ်ကွပ်ကဲမှု ကောင်းရုံနဲ့တော့ ခေါင်းဆောင်ကောင်း မဖြစ်သေးတာကို သတိပြုရမယ်။ ကြီးကြပ်မှုနဲ့ ကွပ်ကဲမှုဆိုတာ ရာထူးတာဝန်အရ သာမန်လုပ်ရိုးလုပ်စဉ်လုပ်ငန်းသာဖြစ်တယ်။ ခေါင်းဆောင်ဆိုတာကတော့ နောက်လိုက်ငယ်သားများက ခေါင်းဆောင်အဖြစ် တင်မြှောက်မှုကို ခံယူရရှိသူဖြစ်တယ်။ ဒါ့ကြောင့် ရဲဘော်တို့ဟာ တပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်လေးစားအားထားခြင်းကို ခံယူရရှိတဲ့ ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းကြရမယ်။

ရဲဘော်တို့ကို အရည်အသွေးမြင့်မားတဲ့ အဆင့်ဆင့်သော ခေါင်းဆောင်တွေဖြစ်လာအောင် ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူး သင်တန်းတွေကို တက်ရောက်စေမှာဖြစ်တယ်။ ထို့အတူပဲ လက်ရွေးစင်ခေါင်းဆောင်တွေ ဖြစ်လာတာနဲ့အမျှ စစ်ဦးစီးတက္ကသိုလ်သင်တန်းကို တက်ရောက်ရမှာဖြစ်တယ်။ ဒါ့အပြင် အဆင့်မြင့်ခေါင်းဆောင်တွေအဖြစ် လျာထားခြင်းခံရသူတွေဟာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကို တက်ရောက်ခွင့် ရကြမှာဖြစ်တယ်။ ဒါဟာ တပ်မတော်ကို လေ့ကျင့်ရေးနဲ့ တည်ဆောက်နေတာပဲဖြစ်တယ်။ ဒါ့ကြောင့် ရဲဘော်တို့ဟာ သင်တန်းတက်ခွင့်ရခြင်းကို ဆုလာဘ်တစ်ပါးလို သဘောထားပြီး အဆင့်နဲ့ လျော်ညီစွာ တက်ရောက်ခွင့်ရတဲ့ သင်တန်းတွေမှာ အထူးကြိုးစားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့—

နိဂုံးအားဖြင့် ပြောကြားရရင်—

- **တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို လက်ဆင့်ကမ်း ထိန်းသိမ်းသယ်ဆောင်ကြပါ။**
- **နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော်အပေါ်ထားရှိတဲ့ သစ္စာတရားကို ခိုင်ကျည်စွာ စောင့်ထိန်းကြပါ။**
- **နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ မြန်မြန်ဆန်ဆန် ပြီးမြောက်အောင် မနားမနေ ဆောင်ရွက်ကြပါ။**
- **ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။**

☆ ကျောဖုံးမှ

ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ငွေဓားဆု ချီးမြှင့်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၅၅) ဗိုလ်လောင်း အေးမင်းကြည်အား ငွေဓားဆုကို ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

[ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။]

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် (၂၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

မြတ်ဗုဒ္ဓ၏ ကိုယ်ပွားဖြစ်တော်မူသော ပရိဘောဂစေတီတော် မဟာဗောဓိညောင်ပင်အား ပူပြင်းခြောက်သွေ့သောနွေရာသီတွင် လေးမြတ်ကော်ရော် ပူဇော်လှူဒါန်းသော ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၁၃၆၉ခုနှစ် ဧပြီ ၃၀ရက် (ကဆုန်လပြည့်နေ့)တွင် (၂၄) ကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို စေတီတော်ရင်ပြင် အင်္ဂါထောင့် မဟာဗောဓိပင်၌ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်သည်။

ယင်းနေ့တွင် ဘုရားဖူးများက ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာဗောဓိပင်များ၌ လွယ်ကူစွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန်နှင့် နံနက် ၅နာရီမှ ၇နာရီအထိ အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သောအလှူငွေဖြင့် ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က အသင့်စီစဉ်ထားသည်။ (သတင်းစဉ်)

တက်ရောက်

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

အာဂုံဆောင် နိကာယ်သင်တန်းဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြုဆရာတော် အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ်က ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ နိကာယ်ပိဋကတ် တတ်မြောက်စေရန် နိကာယ်သင်တန်းကို ဧပြီ ၂၉ ရက် မွန်းလွဲ၂ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို တက်ရောက်ကြည်ညိုကြရန် ဖိတ်ကြားထားကြောင်းနှင့် နိကာယ်ဆောင် အရှင်မြတ်များအား ပစ္စည်းလေးပါး လှူဒါန်းလိုပါက ဖုန်း–၀၁–၃၈၃၄၂၇၊ ၀၁–၃၈၀၈၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပါရမီမြို့တွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆွေးနွေးပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၏ ပါရမီမြို့တွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဒါရိုက်တာအဆင့် ဆွေးနွေးပွဲ၊ ဆန္ဒဖော်ထုတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီမြို့တွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ရဲမှူးချုပ် အောင်နွယ်(ငြိမ်း)နှင့် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ယာဉ်မောင်း ဦးဇော်နိုင်ဦးက "ကိုယ်ချင်းစာစိတ်ကိုယ်စီမွေး ဘေးရန်ကင်းရေး ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယာဉ်အကူ ဦးမြင့်ဆွေက "အရာရာလမ်းမချော်ရလေအောင် ကိုယ့်ကိုယ်ကိုယ် ထိန်း၍ ဝန်ဆောင်ပါ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ယာဉ်မောင်းများနှင့် ယာဉ်အကူများက ဆန္ဒဖော်ထုတ် တင်ပြကြရာ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး ယဉ်မောင်စိန်(ငြိမ်း)က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ဖြေရှင်းပေးသည်။

ထို့နောက် ၂၀၀၇ ခုနှစ် မတ်လအတွင်း ထူးခြားဖြစ်စဉ် ကင်းမဲ့ကာလဆုရ ယာဉ်လိုင်း ၁၃ လိုင်းနှင့် ဆွေးနွေးသူ နှစ်ဦးတို့အား တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ထူးခြားဖြစ်စဉ်ရှိသည့် ယာဉ်လိုင်း နှစ်လိုင်းတို့မှ ဒဏ်ကြေးငွေ ပြန်လည်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဒုတိယဥက္ကဋ္ဌ ရဲမှူးချုပ် အောင်နွယ်(ငြိမ်း)က နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ကြေးတိုင်စု(၁)လမ်းနေ ဒေါ်တင်မေ မိသားစုက အလှူငွေကျပ် တစ်သိန်းကို သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၆၁)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇–၄–၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၂၅ ၈။ ဝန်ဖိုက်ချောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy And Educational English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅:၁၀ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၀ ၈။ **"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ခင်မို့မို့အေး၊ ချစ်စနိုးဦး) (ဒါရိုက်တာ ကိုအောင်မိုး–ပဲရစ်)**
- ၅:၄၅ ၉။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့(အပိုင်း–၂)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ရင်ခုန်သံ" (အပိုင်း–၁၇)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း–၃၀)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် လမ်းဖွင့်ပွဲများ ကျင်းပ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၆

ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားများကို ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော နေရာများ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း (ပါရမီလမ်းနှင့် ရတနာလမ်းကြား)ကတ္တရာ ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို နံနက် ၇နာရီ ၁၅မိနစ်တွင် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းဆုံ၌ ကျင်းပရာ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများနှင့်အတူ လမ်းအတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဝေဇယန္တာလမ်း (ပါရမီလမ်းနှင့် ရတနာလမ်းကြား)သည် အရှည်ပေ ၈၀၀၀၊ အကျယ် ၇၂ပေရှိ ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်လမ်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အလားတူ သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၆)လမ်း ကတ္တရာလမ်း ဖွင့်ပွဲကို နံနက် ၇နာရီ မိနစ် ၄၀ တွင် လေးထောင့်ကန်လမ်းနှင့် စံပြ(၆)လမ်း လမ်းဆုံ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် စံပြ(၆)လမ်း လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကြိုင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် မင်္ဂလာကမ္ပည်း မော်ကွန်း ကျောက်စာကို နံ့သာရည်များပက်ဖျန်းပေးပြီး လမ်းအတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

စံပြ(၆)လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၈၃၀၊ အကျယ် ၁၀ပေ ဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်ကွက်ပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် သဃ်န်းကျွန်းမြို့နယ် ရေနံ့သာကတ္တရာလမ်းဖွင့်ပွဲကို နံနက် ၈နာရီတွင် သံသုမာလမ်းနှင့် ရေနံ့သာလမ်းဆုံ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် ရေနံ့သာ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာ လမ်း (ပါရမီလမ်းနှင့် ရတနာလမ်းကြား) ကတ္တရာကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့တော်စည်ပင်)

ဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မင်္ဂလာကမ္ပည်း မော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရေနံ့သာလမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၆၅၀၊ အကျယ် ၁၅ပေ ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်ပြည်သူများ၏ ထည့်ဝင်ငွေဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နံနက် ၈နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အကွက်(၃၀)ရှိ နှင်းဆီနက်ကတ္တရာလမ်းဖွင့်ပွဲကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါလမ်း၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့်နှင်းဆီနက်လမ်း လမ်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နှင်းဆီနက် ကတ္တရာလမ်းသစ်သည် အရှည်ပေ ၄၅၀၊ အကျယ် ၁၅ပေ ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်ပြည်သူများ၏ ထည့်ဝင်ငွေဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ တွဲဖက်အတွင်းရေးမှူး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ကမ္ဘာအေးစေတီတော်ရှေ့ရှိ လူကူးမျဉ်းကျားနှင့် ရန်ကုန်-ပြည်လမ်း ရာမညကျောင်းဆောင်ရှေ့ရှိ လူကူးမျဉ်းကျား နေရာတို့၌ ပြည်သူများ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နှစ်ဖက်သောမိဘများကို အမှူးထား၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း တရုတ်တန်းရပ်နေ ဦးရွှေဟန်-ဒေါ်ခင်ညွန့်၊ သား၊ သမီး၊ မြေး၊ မြစ် တစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ၂၁၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး) အတွက် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ ကိုအောင်ကျော်-မသန်းဌေး၊ သား မောင်ထင်အောင်ကျော် မိသားစုက ငွေကျပ် ၂၅ သိန်းကို ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဦးဝါသဝ (ဆန်းစကရစ်တက္ကသိုလ်၊ ဗာရာဏသီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး သီရိသုမင်္ဂလ ဒေါ်မြရှင် လက်ခံယူစဉ်။ (က-ပ)

ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိုင်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ဇဝနသဃ်န်းကျွန်း သီရိဇေယျာလမ်းနေ ဦးဝင်းလှိုင် မိသားစုက ဦးရွှေဝင်း(ကြယ်ငါးပွင့်)၏ ကောင်းမှုအဖြစ် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် မေယု(၅)လမ်းနေ ဦးသောင်းထိုက်စိုး-ဒေါ်တင်လေး၊ သား ရှိုင်းဇော်ထိုက်၊ သမီး ယွန်းရွှေလှာ မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း-၁၂)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" (အပိုင်း-၂)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

အာဆီယံလူငယ်ရေးရာဝန်ကြီးများအဆင့် အစည်းအဝေးများနှင့် အာဆီယံလူငယ်များ၏ လူငယ်ရေးရာအစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဧပြီ ၂၆

စင်ကာပူသမ္မတနိုင်ငံ၌ ဧပြီ ၂၅ရက်မှ ၂၈ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အာဆီယံလူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ် (အာဆီယံ+၃) လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် (အာဆီယံ+၁ တရုတ်ပြည်သူ့သမ္မတနိုင်ငံ) လူငယ်ရေးရာဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံလူငယ်များ၏ လူငယ်ရေးရာ အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အာဆီယံလူငယ်ရေးရာ ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်မည်ဖြစ်ပြီး အာဆီယံလူငယ်များ၏ လူငယ်ရေးရာ အစည်းအဝေးများသို့ တက်ရောက်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လူငယ်ရေးရာ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာအေးသီဂိ၊ ဦးကျော်မင်းထွန်း၊ ဦးသန်းဇော်ဝင်းနှင့် ဦးချန်တန်ခင်တို့က အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည်။ (သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် ပဉ္စမအကြိမ် အာဆီယံလူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ် (အာဆီယံ+၃) လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေး၊ ဒုတိယအကြိမ် (အာဆီယံ+၁ တရုတ်ပြည်သူ့သမ္မတနိုင်ငံ)လူငယ်ရေးရာဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံလူငယ်များ၏ လူငယ်ရေးရာအစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လေကြောင်းခရီးဖြင့် နေပြည်တော်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၈)လမ်းနှင့် သဃ်န်းကျွန်းမြို့နယ် သုနန္ဒာ(၄)လမ်း သုမင်္ဂလာအိမ်ရာနေ ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သော ဦးခင်လှိုင် (M.I.C ရော်ဘာစက်)-ဒေါ်ခင်မြင့်တို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှင့် ကျေးဇူးရှင်ဖခင်ကြီး ဦးခင်လှိုင်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့အထိမ်းအမှတ်အဖြစ် သား၊ သမီး၊ မြေးများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း ၁၃ ကျောင်းတို့သို့ ပညာရေးငွေပဒေသာပင်အတွက် တစ်နေရာလျှင် ကျပ်တစ်သိန်းရှစ်ရာစီဖြင့် လှူဒါန်းရာ သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် ဘုရားသုံးဆူလမ်းရှိ သာသနာ့ဂုဏ်ရည် သီလရှင်စာသင်တိုက်တွင် သမီးများဖြစ်ကြသည့် ဒေါ်သန်းသန်းနုနှင့် ဒေါ်ငယ်ငယ်လှိုင်တို့က လှူဒါန်းငွေများ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဆူပူလှုပ်ရှားမှုဖြစ်ပွားအောင် အကြိမ်ကြိမ်ဆန္ဒပြ သွေးထိုးလှုံ့ဆော်ခဲ့သူ NLD အုန်းသန်း(ထောင်ထွက်) ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးရှေ့၌ ဆူပူလှုပ်ရှားမှုထပ်မံပြုလုပ်သဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသူ ပြည်သူများက ဝိုင်းဝန်းဟန့်တားထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့

နေပြည်တော် ဧပြီ ၂၆

၂၀၀၇ခုနှစ် ဧပြီ၂၅ရက် မွန်းလွဲ၂နာရီ မိနစ် ၄၀အချိန်၌ NLD ပါတီဝင် ထောင်ထွက် အုန်းသန်းသည် အဖြူရောင်အင်္ကျီနှင့် အဖြူရောင်ပုဆိုးဝတ်ဆင်ပြီး အပြာရောင်ဦးထုပ်ဆောင်းကာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးရှေ့ လူသွားစင်္ကြံပေါ်တွင် ဆူညံစွာအော်ဟစ်ကြွေးကြော် ဆန္ဒပြလှုံ့ဆော်ခဲ့သဖြင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပေးပို့အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

NLD ပါတီဝင် ထောင်ထွက်အုန်းသန်းသည် ပြည်သူကို ကိုယ်စားပြုအစိုးရထူထောင်ရေး၊ ကုလသမဂ္ဂကြီးကြပ်မှုကော်မရှင်ဖိတ်ခေါ်ရေး၊ ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရန်၊ ကုလသမဂ္ဂကြီးကြပ်မှုဖြင့် စစ်မှန်သော ပြည်သူ့လွှတ်တော်ကျင်းပရန် စသည့် ကြွေးကြော်သံများရေးသားထားသည့် ဆိုင်းဘုတ်ကို ကိုင်မြှောက်လျက် ဆူညံစွာအော်ဟစ်ကြွေးကြော်လှုံ့ဆော်မှုပြုခဲ့သဖြင့် ခရီးသွားပြည်သူများ အထိတ်တလန့်ဖြစ်ကာ လူစုလူဝေးဖြစ်ပေါ်ခဲ့၍ မွန်းလွဲ ၂နာရီ ၄၅မိနစ်အချိန်ခန့်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသူပြည်သူများက အုန်းသန်းအား ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့ကြောင်းနှင့် သက်ဆိုင်ရာက လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းသတိပေး

NLD ပါတီဝင် အုန်းသန်းသည် ၂၀၀၄ခုနှစ်ကလည်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် UNDP ရုံးရှေ့၌ အလားတူ ဆန္ဒပြလှုံ့ဆော်မှုကျူးလွန်ခဲ့သဖြင့် တည်ဆဲဥပဒေအရ ထောင်ဒဏ်နှစ်နှစ် ပြစ်ဒဏ်ကျခံခဲ့ဖူးသူ ထောင်ထွက်တစ်ဦးဖြစ်သည်။ ထို့ပြင် အုန်းသန်းသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်နေ့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းတွင် ထင်ကျော်(ခေါ်)ကျော်ထင်တို့ လူစုနှင့်အတူ ဆန္ဒပြလှုံ့ဆော်မှု ထပ်မံကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးပြီး တည်ငြိမ်မှုနှင့် အေးချမ်းမှုပျက်ပြားအောင် မပြုလုပ်ရန်နှင့် ထုတ်ပြန်ထားသည့် နည်းဥပဒေများကိုလိုက်နာရန် ရှင်းလင်းသတိပေးခဲ့ပြီးဖြစ်ကြောင်းနှင့် နောင်တွင် အလားတူ ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှု မပြုတော့ပါဟု ဝန်ခံကတိပြုခဲ့သူဖြစ်ကြောင်းလည်းသိရှိရသည်။

ထိုသို့ ဝန်ခံကတိများ ပြုထားခဲ့သော်လည်း ထင်ကျော်(ခေါ်)ကျော်ထင်တို့ လူစု၏ လုပ်နည်းလုပ်ဟန်အတိုင်း NLD ပါတီဝင်အုန်းသန်း(ထောင်ထွက်) အနေဖြင့် ယခုကဲ့သို့ ဆူပူလှုံ့ဆော်မှု ထပ်မံပြုလုပ်လာခြင်းကို မြင်တွေ့ကြားသိရသော ပြည်သူများက-

ယခု အုန်းသန်း၏ ဆန္ဒပြလှုံ့ဆော်ကြွေးကြော်မှုတွင် ကုလသမဂ္ဂကြီးကြပ်မှုကော်မရှင်ဖိတ်ခေါ်ရေးနှင့် ကုလသမဂ္ဂကြီးကြပ်မှုဖြင့် စစ်မှန်သောပြည်သူ့လွှတ်တော်ကျင်းပရန် ဟူသည့် ကြွေးကြော်သံများကိုကြည့်ပါက မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတို့ကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းအားထုတ်နေသည့် ပြည်ပဆရာကြီးများ၏ လုပ်ရပ်များကို ထောက်ခံကြိုဆိုသော ပြည်ပအားကိုး ပုဆိန်ရိုးလုပ်ရပ်ဖြစ်သည်ကို တွေ့မြင်နိုင်ကြောင်း။

အုန်းသန်းအနေဖြင့် ၎င်း၏ အဆိုပါလုပ်ရပ်ကို ပြည်ပဆရာကြီးများက အသိအမှတ်ပြုလာပြီး ဘွဲ့တံဆိပ်၊ ဆုလာဘ်များ ချီးမြှင့်မြှောက်စားလာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်မှာ ပေါ်လွင်ထင်ရှားနေကြောင်း။

ယခု အုန်းသန်းနှင့် ထင်ကျော်တို့ကဲ့သို့ လူတစ်စု၏ တစ်ကိုယ်တော်ထင်ပေါ်ကျော်ကြားလိုမှု၊ နိုင်ငံရေးလှေကြုံစီးမှု၊ ပြည်ပမှချီးမြှောက်မည့် ဘွဲ့တံဆိပ်ဆုလာဘ်ရရှိလိုမှု စသည်တို့ဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လာသည့် ဆန္ဒပြလှုံ့ဆော်မှုများသည် ဆန့်ကျင်ဘက်နိုင်ငံရေးသမားဆိုသူများ၏ နိုင်ငံရေးလုပ်စားမှု ဖက်ရှင်သဖွယ် ဖြစ်လာသည်ကို တွေ့နေရသဖြင့် လွန်စွာစိတ်ပျက်ဖွယ်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အတွေးတိမ်တိမ်ဖြင့် နိုင်ငံရေးလုပ်စားနေသူများ၏ လုပ်ရပ်မှာယိုသူမရှက် မြင်သူရှက်ဆိုသကဲ့သို့ ဖြစ်လာနေကြောင်း၊ မိမိတို့ပြည်သူလူထု၏ တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် နိုင်ငံရေးအသိ နိုးကြားတက်ကြွမှုကို ပမာမခန့်ပြုလုပ်ရာအထိ ရောက်လာနေကြောင်း။

ချမှတ်အရေးယူ

ယင်းကဲ့သို့ နိုင်ငံရေးအရူးချေးပန်းတစ်စု၏ ပေါက်ပန်းဈေးလုပ်ရပ်ကြောင့် အကွပ်မဲ့ကြမ်းပရမ်းပတာ မဖြစ်ရလေအောင် သက်ဆိုင်ရာမှ ယခင်ကကဲ့သို့ ပညာပေး ဆွေးနွေးရှင်းလင်းပြောကြားမှုများဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်မနေသင့်တော့ဘဲ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်အရေးယူမှသာ တန်ကာကျမည်ဖြစ်ကြောင်း ဝေဖန်သုံးသပ်ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဆိုင်ရာနှင့် ခွာနာလျှာနာ ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

ရန်ကုန် ဧပြီ ၂၆

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် OIE Regional Commission for Asia the Far East and Oceania, ဥက္ကဋ္ဌ Dr .Gardner Murray သည် OIE RCU ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr. Ronello Abila လိုက်ပါလျက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် အရှေ့တောင်အာရှဒေသ ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအတွက် OIE နှင့် AUs AIDတို့မှ ထောက်ပံ့မည့်အစီအစဉ်အရ ကြက်ငှက်တုပ်ကွေးရောဂါရှာဖွေရေး၊ ရောဂါပျံ့နှံ့မှုလေ့လာရေးလုပ်ငန်းများ ဓာတ်ခွဲခန်း စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အရှေ့တောင်အာရှနိုင်ငံများ ခွာနာလျှာနာ ကင်းရှင်းဒေသ တည်ဆောက်ရေး လျာထား ဆောင်ရွက်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးမှ တာဝန်ရှိသူနှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိဗ္ဗာန်ဈေးပွဲတော်

ခရမ်းမြို့(၃)ရပ်ကွက်၊ (၁)လမ်း၊ အလှူဒါနပြုကြသူများ မဏ္ဍပ်တွင် နှစ်ဆန်း ၁ ရက်က ရပ်ကွက်ပြည်သူများနှင့် မာဃလုလင်လူမှုရေးအဖွဲ့တို့ ပူးပေါင်း၍ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပစဉ်။

(သတင်းစဉ်)

တတိယအကြိမ် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

“သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား”
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ ကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက် ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရား ပွဲကို အထက်ပါအတိုင်း ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါ သည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက၊ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၂)ရက် သောကြာနေ့ (၂၇-၄-၂၀၀၇)	**ကျင်းပမည့်နေ့ရက်** ၁၃၆၉ခု၊ ကဆုန်လဆန်း (၁၁)ရက်မှ(၁၃)ရက်အထိ၊ ဧပြီ(၂၆)ရက်မှ (၂၈)ရက်အထိ **ကျင်းပမည့်နေရာ** မဟာသကျမုနိ ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ် **ကျင်းပမည့်အချိန်** ညစဉ်(၇:၀၀)နာရီ
(ကျောက်တစ်လုံး တောရဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၃)ရက် စနေနေ့ (၂၈-၄-၂၀၀၇)	

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပ ၁၀ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ဗဟန်းမြို့နယ်အမှတ်(၈၂) နတ်မောက်လမ်း မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီး၌ ၁၃၆၉ခုနှစ် ဝါပကာလ တရားပွဲများကို တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိရာ မေ ၅ရက်မှ ၁၄ရက်အထိ သဇင် ရေကျော်ကျောင်း ဆရာတော် ဦးဉာဏောဘာသက လည်းကောင်း၊ မေ ၂၀ရက်မှ ၂၉ရက်အထိ ပြည် ဆရာတော် ဦးဓမ္မောသဓက လည်းကောင်း၊ ဇွန် ၅ရက်မှ ၁၄ရက် အထိ မိုးကုတ်ဝိပဿနာနိဗ္ဗာန် ရွှေဂူ တောရကျောင်း ဇေယျဝတီ ဆရာတော် ဦးသောဘန(ဓမ္မာစရိယ B.A)ကလည်းကောင်း၊ ဇွန် ၂၀ရက် မှ ၂၉ရက်အထိ မော်ကျွန်းဆရာတော် ဦးကုဏ္ဍလကလည်းကောင်း၊ ဇူလိုင် ၅ရက်မှ ၁၄ရက်အထိ ဆရာတော် ဦးသုနန္ဒ မိုးကုတ်မြို့ကလည်းကောင်း၊ ဇူလိုင် ၂၀ရက်မှ ၂၉ရက်အထိ မြောက်ဥက္ကလာ ဇမ္ဗူအေးကျောင်းဆရာတော် ဦးဓမ္မ သာရကလည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တက်ခါအာမက်ချောင်ဒရီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တက်ခါ အာမက် ချောင်ဒရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဧပြီ ၂၅ရက် ညနေပိုင်းတွင် လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ခိုင်ရူဇာမန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ်နှင့်အတူ ဆက်သွယ်ရေး ဝန်ကြီးဌာန အတွင်းဝန် ဒေါက်တာ မားဘူဘားရာမန်၊ နိုင်ငံခြားရေးဝန်ကြီး ဌာန အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာ အစ်ခ်တီယာ အမ်ချောင်ဒရီနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ရုံးမှ ညွှန်ကြားရေးမှူး မစ္စတာအာဆတ် အာလမ်ဆီယမ်တို့ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါ အာမက် ချောင်ဒရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ် ဟိုတယ်၌ အစည်းအဝေးတစ်ရပ်ကျင်းပ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယင်းနောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပါ့ခ်ရွိုင်ရယ် ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကြည့်ရှုလေ့လာ

ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရွှေတိဂုံစေတီတော်၊ မဟာဒူးရှားဖေးဂူဗိမာန်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် သိမ်ဖြူလမ်းရှိ ဟော်ကီအားကစားကွင်း တို့သို့ သွားရောက်၍ ကြည်ညိုကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် စင်ကာပူကျောင်းတိုက်၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ၏ ဩဝါဒဖြင့် စင်ကာပူကျောင်းတိုက် မင်္ဂလာကန်တော်နှင့် ကပ်လျက်တည်ထားကိုးကွယ်သော မြတ်စွာဘုရားရုပ်ပွားတော်များနှင့် မဟာဗောဓိ ညောင်ပင်အား ဧပြီ ၃၀ ရက် ညနေ ၄ နာရီမှ စတင်၍ ညောင်တန်းအိမ်ရာ မိသားစုများ၏ ပဥ္စမအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကုသိုလ်ပါဝင်ယူနိုင်ကြောင်းနှင့် ညောင်ရေသွန်းပွဲ လာရောက်သူများအား အလှူရှင် ဦးအုန်းမြင့်-ဒေါ်ငွေး(တိုကျိုကြီးမိသားစု)က စတုဒိသာကျွေးမွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၇ (သောကြာနေ့)

၇:၀၀	MRTV-4အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	နောက်ဆုံးစကားတရားတော် အပိုင်း(၁)(မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာ အရှင်ကောဝိဒ)
၇:၅၅	Myanmar Video Rhythm
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	ပုခန်းကြီး ရှေးဟောင်း ကျောင်းတော်ကြီး
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်
၉:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	ဆက်သွယ်မှုကွန်ရက် Internet Cafe(1)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ဆီးချို၊သွေးချိုရောဂါ အကြောင်း ဟောပြောချက် (အပိုင်း-၂) (ဒေါက်တာတင့်ဆွေလတ်)
၁၀:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅	မုံရွာမြို့မှချင်းတွင်းအိမ်စာပေ
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ရော်ဘာစိုက်ပျိုး ပြည်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်
၁၁:၁၅	မိုးလေဝသခန့်မှန်းချက်
၁၁:၂၀	လေ့လာမှတ်သားစရာ နဒီနက္ခပညာ(အပိုင်း-၁)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	လင်းလက်တောက်ပ သဘော်ဆေးအလှ
၁၂:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၂၅	လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၅	အေးမြသော လေညှင်းလေးများ (မေတ္တာ၊စိုးမိုးကြည်၊ဇေယျ၊ ရှုးရှုးမောင်)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဧပြီ ၂၆

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးတင်ထွန်းလွင်(ပြုံးချို)ဟံသာဝတီ ဂေါက်ရိုက်အဖွဲ့ (HGG) သည် ကစားဖော်များဖြစ်ကြသော ဦးတင်အောင်မိုး၊ ဦးတင်ထွန်းနိုင်၊ ဦးမျိုးသန့်၊ ဦးဇော်ဝင်းတို့နှင့်အတူ ဧပြီ ၂၅ရက်တွင် ဂေါက်သီးရိုက်ကစားကြရာ Precept D-FORCE No.00 ဘောလုံးကို Honma Twin Mark Iron No.(9) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ကိုက်ရှိ ကျင်းအမှတ်(၁၇)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(က-ပ)

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၀၇ ခုနှစ်၊ မေလ(၈)ရက်

World Red Cross Day

8th May, 2007

Together for Humanity

"လူမှုကရုဏာ စာနာရေး၊ ပိုင်းဝန်းလက်တွဲဖော်ဆောင်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ပုညာရာမ ဆရာတော် ဓမ္မခရီးစဉ်များ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက် နဝရတ်လမ်းရှိ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ရက်အထိ လန်ဒန်မြို့ မိုးကုတ်ရိပ်သာနှင့် ပို့စ်မောက်မြို့တွင် တရားစခန်းနှင့် တရားပွဲများ၌ တရားတော်များ ဟောကြား ချီးမြှင့်ပြီး ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ အမေရိကန်နိုင်ငံ မြို့ကြီးများ၌ တရားစခန်းများ ဖွင့်လှစ်ဟောပြောပြသခဲ့ကာ ဧပြီ ၄ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်လာ၍ ပုညာရာမ မိုးကုတ် ဝိပဿနာကျောင်းတိုက်တွင် သင်္ကြန် ၁၀ ရက် စခန်းကို ဟောပြောပြသခဲ့ကြောင်းသိရသည်။ (က-ပ)

ကုန်စည်ပြပွဲကျင်းပမည်

ဗန်းမော်မြို့ ၁၇-၅-၂၀၀၇ မှ ၂၂-၅-၂၀၀၇
မြစ်ကြီးနား ၂၆-၅-၂၀၀၇ မှ ၃၁-၅-၂၀၀၇

ရွှေခြသေ့သမဝါယမအသင်းလီမိတက်
ဖုန်း-၀၉-၅၁၇-၁၀၇၆၊ ၁၇၁၈၀၀၊ လိုင်းခွဲ-၁၉၄၊ ၄၀၈၊ ၆၁၆၅၀၉

ဒေါက်တာ ဦးနီကိုဂနီဆန် (၁၂/လမန(နိုင်)၀၄၉၄၄၂) နှင့် အများသိစေရန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်၊ အထက် လမ်းမကြီး အိမ်အမှတ် (၅၆)နေ ဒေါက်တာ ဒေါ်မူယာလွှမ်း (၁၀/မလမ(နိုင်)၀၀၁၀၆၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာ အပ်ပါသည်။

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်၊ အကွက် အမှတ် -၄၇ ဦးပိုင်အမှတ်-၁၁၂၊ ဧရိယာ ၀.၉၁၇ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်၊ အထက်လမ်းမကြီး အိမ်အမှတ် (၅၆) ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အဦးနှင့် အဆိုပါ အိမ်တွင် တပ်ဆင်ထားသော တယ်လီဖုန်း (၃)လုံး ဖုန်းအမှတ် (၂၁၁၀၆)၊ (၂၁၄၀၆)၊ (၂၆၇၉၆) နှင့်ကျိုးခံစားခွင့် အရပ်ရပ်အားလုံး၊

၂။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်၊ အကွက် အမှတ် -၄၅၊ ဦးပိုင်အမှတ် -၈၊ ဧရိယာ (၀.၂၀၉)ကေရှိဂရန် မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အမှတ်-၁၁/စီ နှင့် ၁၁/ဒီ ဗဟိုလမ်း၊ ရွှေတောင်ရပ်ဟု ခေါ်တွင်သော နှစ်ထပ် လူနေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး၊

၃။ မော်လမြိုင်မြို့ မန္တလေးရပ် ဒေါက်တာလွှမ်းသာဆေးကု ခန်းတွင် တပ်ဆင်ထားသော တယ်လီဖုန်းအမှတ် (၂၂၂၃၇) ၊

၄။ မိုဘိုင်း(ဂျီအက်စ်အမ်) လက်ကိုင်ဖုန်းအမှတ် (၀၉ ၅၁၄၂၇၅၆)၊

၅။ တိုယိုတာ ဗင် မော်တော်ယာဉ်အမှတ် - ၁ခ/၃၁၄၈ နှင့် ဂျစ်ကား မော်တော်ယာဉ်အမှတ်-ဂ၁/၆၄၈၉ မော်တော် ယာဉ်များ၊

၆။ ရန်ကုန်မြို့ အမှတ် (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ အမှတ်-၇၇ ဟုခေါ်တွင်သော တိုက်အဆောက်အအုံ၏ အခန်း အမှတ်-၁/ဘီ (မြေညီထပ်)၊ အခန်းအမှတ်-၂/ဘီ (ပထမထပ်)၊ အခန်းအမှတ်-၇/အေ (ဆဋ္ဌမထပ်) အခန်းများ၊

အထက်ဖော်ပြပါ ပစ္စည်းများသည် ကွယ်လွန်သူ ဖခင် ဒေါက်တာလွှမ်းသာ (ခ) ဦးအမ်ခူလမ်သာ (ခ) ဦးအောင်ဝင်းနှင့် မိခင် ဒေါ်အင်ဒီယာ (ခ) ဒေါ်စန္ဒာအေးတို့၏ လက်ထက်ပွား ပစ္စည်းများဖြစ်ပြီး ယခုအခါ မိသားစုစီမံမှုအရ မိခင် ဒေါ်အင်ဒီယာ (ခ) ဒေါ်စန္ဒာအေးနှင့် သမီးများဖြစ်ကြသော (၁) ဒေါက်တာသူဇာလွှမ်း၊ (၂)ဒေါက်တာမူယာလွှမ်း၊ (၃)ဒေါက်တာ ဖြူပြာလွှမ်း မိသားစုတို့သာ ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။

ဒေါက်တာ ဒေါ်သူဇာလွှမ်း၏ ခင်ပွန်း ဒေါက်တာ နီကိုဂနီဆန်သည် အထက်ပါပစ္စည်းများအား တိုက်ရိုက်သက်ဆိုင် ပတ်သက်ခြင်းမရှိသဖြင့် ဒေါက်တာ ဒေါ်မူယာလွှမ်း၏ ခွင့်ပြုချက်တစ်စုံ တစ်ရာ မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း ပြင်ဆင်မွမ်းမံခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်ရလိမ့်မည် ဖြစ်ပါကြောင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းမြင့်ဝေ LL.B, D.B.L, D.M.L
တရားရုံးချုပ်ရှေ့နေ (၆၇၆၂)
အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။

မီးဘေးရှောင် မလောင်ခင်တား

အများသိစေရန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်၊ အထက် လမ်းမကြီး အိမ်အမှတ် (၅၆)နေ ဒေါက်တာ ဒေါ်မူယာလွှမ်း (၁၀/မလမ(နိုင်)၀၀၁၀၆၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာ အပ်ပါသည်။

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်၊ အကွက် အမှတ် -၄၇ ဦးပိုင်အမှတ်-၁၁၂၊ ဧရိယာ ၀.၉၁၇ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်၊ အထက်လမ်းမကြီး အိမ်အမှတ် (၅၆) ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အဦးနှင့် အဆိုပါ အိမ်တွင် တပ်ဆင်ထားသော တယ်လီဖုန်း (၃)လုံး ဖုန်းအမှတ် (၂၁၁၀၆)၊ (၂၁၄၀၆)၊ (၂၆၇၉၆) နှင့်ကျိုးခံစားခွင့် အရပ်ရပ်အားလုံး၊

၂။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်၊ အကွက် အမှတ် -၄၅၊ ဦးပိုင်အမှတ် -၈၊ ဧရိယာ (၀.၂၀၉)ကေရှိဂရန် မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အမှတ်-၁၁/စီ နှင့် ၁၁/ဒီ ဗဟိုလမ်း၊ ရွှေတောင်ရပ်ဟု ခေါ်တွင်သော နှစ်ထပ် လူနေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး၊

၃။ မော်လမြိုင်မြို့ မန္တလေးရပ် ဒေါက်တာလွှမ်းသာဆေးကု ခန်းတွင် တပ်ဆင်ထားသော တယ်လီဖုန်းအမှတ် (၂၂၂၃၇) ၊

၄။ မိုဘိုင်း(ဂျီအက်စ်အမ်) လက်ကိုင်ဖုန်းအမှတ် (၀၉ ၅၁၄၂၇၅၆)၊

၅။ တိုယိုတာ ဗင် မော်တော်ယာဉ်အမှတ် - ၁ခ/၃၁၄၈ နှင့် ဂျစ်ကား မော်တော်ယာဉ်အမှတ်-ဂ၁/၆၄၈၉ မော်တော် ယာဉ်များ၊

၆။ ရန်ကုန်မြို့ အမှတ် (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ အမှတ်-၇၇ ဟုခေါ်တွင်သော တိုက်အဆောက်အအုံ၏ အခန်း အမှတ်-၁/ဘီ (မြေညီထပ်)၊ အခန်းအမှတ်-၂/ဘီ (ပထမထပ်)၊ အခန်းအမှတ်-၇/အေ (ဆဋ္ဌမထပ်) အခန်းများ၊

အထက်ဖော်ပြပါ ပစ္စည်းများသည် ကွယ်လွန်သူ ဖခင် ဒေါက်တာလွှမ်းသာ (ခ) ဦးအမ်ခူလမ်သာ (ခ) ဦးအောင်ဝင်းနှင့် မိခင် ဒေါ်အင်ဒီယာ (ခ) ဒေါ်စန္ဒာအေးတို့၏ လက်ထက်ပွား ပစ္စည်းများဖြစ်ပြီး ယခုအခါ မိသားစုစီမံမှုအရ မိခင် ဒေါ်အင်ဒီယာ (ခ) ဒေါ်စန္ဒာအေးနှင့် သမီးများဖြစ်ကြသော (၁) ဒေါက်တာသူဇာလွှမ်း၊ (၂)ဒေါက်တာမူယာလွှမ်း၊ (၃)ဒေါက်တာ ဖြူပြာလွှမ်း မိသားစုတို့သာ ပိုင်ဆိုင်သောပစ္စည်းများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါက်တာ ဒေါ်မူယာလွှမ်း၏ ခွင့်ပြုချက်တစ်စုံ တစ်ရာ မရှိဘဲလွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း ပြင်ဆင်မွမ်းမံခြင်းများ မပြုလုပ်ရန် နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်ရလိမ့်မည် ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းမြင့်ဝေ LL.B, D.B.L, D.M.L
တရားရုံးချုပ်ရှေ့နေ (၆၇၆၂)
အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။

အများသိစေရန်

ကျွန်တော် ဦးဝင်းနိုင်(ဘ)ဦးမောင်လု မှတ်ပုံတင်အမှတ်[၁၂/သကတ(နိုင်)၀၄၁၃၂၅]နှင့်ဒေါ်ခင်ထွေးမော်(ဘ)ဦးအောင်မြင့် မှတ်ပုံတင်အမှတ်[၁၂/သကတ(နိုင်)၀၀၆ ၀၈၃]တို့သည် အိမ်ထောင်ရေးဖောက်ဖျက်မှုကြောင့် ပုဇွန်တောင်မြို့နယ် တရားရုံးတွင် ၃၀-၁-၂၀၀၄တွင် တရားဝင်ကွာရှင်းထားပြီးဖြစ်ပါသဖြင့် ကျွန်တော်အားအကြောင်း အမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးပါက ဝတ်တရားနှောင့်ယှက်မှုဖြင့် တရားစွဲခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် [၁၂/သကတ(နိုင်) ၀၄၁၃၂၅]

PRIME
English Language Acquisition Centre

နွေရာသီ အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းများ

IELTS – Mon to Thurs – 1:00 → 2:30 / 3:00 → 4:30	
TOEFL – Mon to Thurs – 1:00 → 2:30 / 3:00 → 4:30	
General English – Mon to Thurs – 1:00 → 2:30 / 3:00 → 4:30 (4 Skills)	
Speaking – Fri / Sat / Sun – 8:00 → 9:30 / 10:00 → 11:30	
English for Hotel / Tourism / Medical Career	

၃၈ လမ်း၊ ပလာဇာ၊ ဒု-ထပ်၊ ဆိပ်ကမ်းသာလမ်း(ထက်)၊ ရန်ကုန်။ ဖုန်း - ၇၀၀၃၀၂
မေ (၇) ရက်နေ့ စမည်။ ကျောင်းအပ်လက်ခံပြီ။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဖဦးမြင့်လှိုင် [၁၂/ဥကမ(နိုင်)၁၀၆၀၆၅]၏သား မောင်ထွန်းလင်း [၁၂/ဥကမ(နိုင်)၀၂၃၆၉၅]ကိုင်ဆောင်သူသည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

ဦးမြင့်လှိုင်

တောင်ကြီးမြို့နယ် နန်းသီတာကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ နန်းသီတာကျေးရွာ၌ ဧပြီ၂၅ ရက် ညနေ ၄နာရီတွင် မီးလောင်မှုဖြစ်ပွားရာ တဲအိမ် ၄၇လုံး မီးလောင်ဆုံးရှုံးပြီး လူ ၂၆၁ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သဖြင့် စခန်းကြီးဘုန်းကြီးကျောင်းတိုက်နှင့် နန်းသီတာ အမက ကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တောင်အာဖရိကသမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တောင်အာဖရိကသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စ ဖန်ဇီး မလန်ဘိုငူကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၂၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဗိုလ်လောင်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်သန်းငွေနှင့် ဗိုလ်ချုပ်စိန်လင်း၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ☆

အလုပ်သမားနေ့တွင် လျော်ကားဥယျာဉ် ဖွင့်လှစ်ထားမည်

ရန်ကုန် ဧပြီ ၂၆

သစ်တောဦးစီးဌာန လျော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်သော်လည်း ၂၀၀၇ ခုနှစ် မေ ၁ ရက်(အလုပ်သမားနေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေ အနားယူလေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)